# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ စနေနေ့၊ (28-7-2007) (၅၃၉၂)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပီရူးသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇူလိုင်   ၂၈

၂၀၀၇ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျရောက်သော ပီရူးသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပီရူးသမ္မတနိုင်ငံ သမ္မတ မစ္စတာ အယ်လန်ဂါစီယာ ပဲရပ်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရွှေညောင်တပ်နယ် ခြစည်းရိုးကြက်ဆူပင်စိုက်ခင်း ကြည့်ရှု အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေးစက်ရုံ စစ်ဆေး

နေပြည်တော်   ဇူလိုင်   ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်မြေဒေသ ဖွံ့ဖြိုးရေးအခြေအနေများ ကြည့်ရှုစစ်ဆေးရန်အတွက် ဇူလိုင် ၂၅ရက် နံနက် ၈နာရီ မိနစ် ၂၀ တွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိလာရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာများက ကြိုဆိုပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟဲဟိုး–ရွှေညောင်–တောင်ကြီးလမ်းတစ်လျှောက် မြို့ရွာ လမ်း၊ တံတားအခြေအနေနှင့် လမ်းဘေးဝဲ/ယာရှိ စပါး၊ ပြောင်း ရာသီသီးနှံစိုက်ခင်း၊ ရော်ဘာ၊ သရက် နှစ်ရှည်စိုက်ခင်းများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေညောင်တပ်နယ် ခြစည်းရိုးကြက်ဆူစိုက်ခင်းသို့ရောက်ရှိရာ ရွှေညောင် တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းသိန်းကြည်က ခြစည်းရိုးကြက်ဆူ ၇၅ ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် စိုက်ပျိုးရေးလအလိုက် လုပ်ငန်းပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လျာထားကေပြည့်မီကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးသွားရန်၊ ခြစည်းရိုးကြက်ဆူများကို တစ်ပိုင်တစ်နိုင်မှ ကိုယ်ပိုင်စီးပွားဖြစ်စိုက်ခင်းအထိ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားနိုင်အောင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱





ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းပျဉ်းမြို့နယ် နမ့်ခချောင်းကူး ဝမ်တာခက်တံတား ဆောက်လုပ်ရေးစီမံကိန်း၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် အလုပ်သမားများအတွက် စားသောက်ကုန်ပစ္စည်းများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်စဉ်။

(သတင်းစာမျက်နှာ–၅) (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ The Mirror — လူမျိုးတုံးသတ်ဖြတ်မှုနဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဟာ KNU က လက်စွဲပြုကျင့်သုံးတဲ့ နည်းဗျူဟာတွေပဲ

*"လူမျိုးတုံးသတ်ဖြတ်မှုနဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုဆိုတာတွေဟာ KNU က လက်စွဲပြု ကျင့်သုံးခဲ့တဲ့၊ အခုလဲ ကျင့်သုံးနေဆဲဖြစ်တဲ့ နည်းဗျူဟာတွေပဲ။ ဒါ့အပြင် ဒီနေ့ တပ်မတော်အပေါ်မှာ မဟုတ်မဟတ် လုပ်ဇာတ်ဆင် စွပ်စွဲပုတ်ခတ်နေတဲ့ **Licensed to Rape** ဆိုတာကို သောင်းကျန်းမှုကာလတစ်လျှောက်လုံး မြိန်ရေရှက်ရေ ကျင့်သုံးခဲ့သူတွေကတော့ **KNU** မှ **KNU** ပါပဲ။"*

စိုးမြကျော်၏ **" IDP, Refugee တွေ ပပျောက်ပြီး ကရင်ပြည်နယ် နယ်စပ်ဒေသ တကယ်တည်ငြိမ်အေးချမ်းစေချင်ပါသလား(၂)"** (ဆောင်းပါး) စာမျက်နှာ–၈၊၉၊၁၀

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၈-၇-၂၀၀၇
(စနေနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက် နိုင်ငံနှင့်ပြည်သူ့အကျိုး ပြည့်ပြည့်ဝဝသယ်ပိုး

နိုင်ငံနှင့်လူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ နိုင်ငံတော်၏ စိတ်ကောင်း၊ စေတနာမှန်နှင့် တိုင်းရင်းသားခေါင်းဆောင်များ လက်တွဲဆောင်ရွက်လျက်ရှိသဖြင့် ငြိမ်းချမ်းမှု၏ အသီးအပွင့်များကို ပြည်သူများ ရရှိခံစားနေကြပြီဖြစ်သည်။

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) သည် ၁၉၉၄ ခုနှစ်မှစ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ကာ နိုင်ငံတော်နှင့်လက်တွဲ ဆောင်ရွက်လာခဲ့သော်လည်း လက်နက်စွဲကိုင်မှုကို စွန့်လွှတ်မှုမရှိသေးဘဲ ရပ်တည်လာခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင်ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အင်အား ၁၃၇ ဦးတို့သည် ၎င်းတို့ ကိုင်ဆောင်သည့် လက်နက်များကို ဇူလိုင်လ ၂၆ ရက်နေ့တွင် အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး ငြိမ်းချမ်းရေးနှင့် လက်နက်လဲလှယ်ခဲ့ကြပြီဖြစ်သည်။

ဦးချစ်မောင်ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များ၏ ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်စံပြကျေးရွာရှိ အားကစားကွင်းတွင် ကျင်းပခဲ့ရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအား ဝမ်းပန်းတသာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)အနေဖြင့် ယခင်ကာလက မှားယွင်းစွာ ထားရှိခဲ့သော လူမျိုးရေးအမြင်ကျဉ်းမြောင်းသည့် စိတ်ဓာတ်နှင့် နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်များ ကင်းစင်လာပြီး နှစ်ပေါင်းများစွာ မိမိတို့ကိုင်စွဲလာသည့် လက်နက်များကို နိုင်ငံတော်သို့ အပြီးအပိုင် အပ်နှံလိုက်ခြင်းသည် ပြည်သူတို့၏ရင်တွင်းမှ ငြိမ်းချမ်းသာယာလိုမှု ခံစားချက်ကို ဖြည့်ဆည်းပေးလိုက်ခြင်းပင်ဖြစ်သည်။

တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကလည်း ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်တံ့ခိုင်မြဲမှုနှင့်အတူ ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက်ကြခြင်းဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကျိုးကို ပြည့်ပြည့်ဝဝ သယ်ပိုးဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဦးစိန်ဟန်-ဒေါ်ခင်စောအားရည်စူး၍ သမီး ဒေါ်မူမူဟန်၊ မြေး မောင်ထွန်းထွန်းဝင်းမိသားစုက အလှူငွေကျပ် တစ်သိန်းငါးထောင်ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ဝိစိတ္တ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# ပညာရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဇနီးတက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၇

**ပညာရေးဝန်ကြီးဌာန မိသားစု၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနား သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မဟာလယ်တီစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝုဓ အမှူးပြု၍ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီးဒေါက်တာဒေါ်စန္ဒာအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများနှင့် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ပူဇော်ကြသည်။**

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မဟာလယ်တီစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝုဓ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီး ဒေါက်တာဒေါ်စန္ဒာအောင်တို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး မဟာလယ်တီစံကျောင်းတိုက်ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ထို့နောက် အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်များအား ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အထူးတရားပွဲ

**ရန်ကုန် ဇူလိုင် ၂၇**

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာ၌ ဝါတွင်း တရားစခန်းဖွင့်ပွဲနှင့် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ၏ (၄၇)ဝါမြောက် ကုသိုလ်တော်ပွဲအထိမ်းအမှတ်အဖြစ် ဓမ္မသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၄ ရက်တွင် သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ၊ ဩဂုတ် ၅ ရက်တွင် တွံတေးဆရာတော် အရှင်ဣန္ဒက၊ ဩဂုတ် ၆ ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိတို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

# ရန်ကင်းပဋ္ဌာနိကာယ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၇**

မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော် ဆဋ္ဌသင်္ဂါယနာ ပိဋကတ် ကျောက်စာတော်များတည်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်တွင် ယခုနှစ် ဝါဆိုတော်မူကြမည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ တေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)အမှူးရှိသော စာချစာသင်အရှင်မြတ် ၃၀၆ ပါးတို့အား (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ဇူလိုင် ၃၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပဋ္ဌာနိကာယ ဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင်ရန်နှင့် ကုသိုလ်ပါဝင်လိုသူများ သင်္ကန်းဒွိစုံ ကျပ် ၃၀၀၀၊ ထီး၊ ဖိနပ် ကျပ် ၅၀၀ နှုန်းဖြင့် အကျိုးဆောင်များ ပဋ္ဌာနိကာယ သာသနာ့နုဂ္ဂဟအဖွဲ့၊ ကန်ဘဲ့ဘုတာရုံလမ်း ရန်ကင်းမြို့နယ် ဖုန်း-၅၆၄၄၅၅၊ ၅၆၄၄၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာတိုဟစ်ဟိုစိန်၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အထိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာခဲ့သည်။**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ကျင်းပသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် နှစ်ပတ်လည် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာတိုဟစ်ဟိုစိန် တို့သည်နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒါကာမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာတိုဟစ်ဟိုစိန်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။



**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အစ်ဖ်တက်ခါအာမက်ချောင်ဒူရီအား တွေ့ဆုံနှုတ်ဆက်စဉ်။** (နိုင်ငံခြားရေး)

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးဦးဉာဏ်လင်း လိုက်ပါ၍ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ခါအာမက်ချောင်ဒူရီအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန်က Flambe Restaurant၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ညစာစားပွဲသို့ ဒါကာမြို့ရှိ အာဆီယံနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ဇူလိုင် ၂၂ ရက်တွင် ဒါကာမြို့ မြန်မာသံအမတ်ကြီး၏နေအိမ်သို့ သွားရောက်၍ မြန်မာသံရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ အရှည်ဆုံးတံတားဖြစ်သည့် ယမုံနာမြစ်ကူးတံတားနှင့် ပြတိုက်တို့သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်သူသည် စစ်တကောင်းမြို့မှမြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် မစ္စတာ ဟာခင်အာလီအား ဒါကာမြို့ ရှယ်ရီတန်ဟိုတယ်၌ တွေ့ဆုံခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်တင်နှင့် ဌာနစုမှူး(၁) ဒေါ်ချိုချိုစိုးတို့လည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။

(သတင်းစဉ်)

# အထက(၂) ဗိုလ်တထောင်(စိန့်ဖိလစ်) မြတ်ဆရာပူဇော်ပွဲ အကြိုညှိနှိုင်းမည်

**ရန်ကုန် ဇူလိုင် ၂၇**

အထက(၂)ဗိုလ်တထောင်(စိန့်ဖိလစ်)တွင် ၁၉၄၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး အကြိုညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၂) ဗိုလ်တထောင်ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူ (ငြိမ်း) ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်း ဖုန်း-၂၉၁၅၂၃၊ ဆရာမဒေါ်ခင်သိန်းရီ ဖုန်း-၅၁၀၅၉၈၊ ဦးမျိုးမြင့် ဖုန်း-၀၉၅၁-၃၂၇၇၇၊ ဦးအောင်ချိုဦး ဖုန်း-၀၉၅၁-၄၈၃၄၉၊ ဦးမောင်မောင်စိုး ဖုန်း-၀၉၅၁-၇၅၀၀၉၊ ဦးသီဟန် ဖုန်း-၀၉၅၀-၁၆၅၃၁၊ ဒေါ်သီသီလွင် ဖုန်း-၀၉၅၁-၅၈၁၅၉၊ ဒေါ်မိမိမောင် ဖုန်း-၀၉၅၁-၃၀၉၂၀ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

✱ ရှေ့ဖုံးမှ

စံပြနမူနာစိုက်ပျိုးသွားရန်၊ ခြံစည်းရိုးကြက်ဆူ နှစ်အလိုက် တစ်ဧကထွက်နှုန်းများကို မှတ်သားလေ့လာရန်၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးအား ဒေသခံပြည်သူများပါ ပါဝင်စိုက်ပျိုးသွားနိုင်အောင် စည်းရုံးဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘိုင်အိုဒီဇယ် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး ကြက်ဆူဆီသန့်စင်စက်ရုံအတွင်း ကြက်ဆူဆီကြိတ်ခွဲနေမှု၊ ကြက်ဆူလောင်စာတောင့်ထုတ်လုပ်နေမှု၊ ဘိုင်အိုဒီဇယ် သုံးမီးဖိုများ၊ ကြက်ဆူလောင်စာတောင့်သုံးမီးဖိုများ၊ ကြက်ဆူဆီဆပ်ပြာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံ ဗိုလ်မှူးညွှန့်နွယ်က ခြံစည်းရိုးကြက်ဆူဆီ သန့်စင်စက်ဖြင့် သန့်စင်ထုတ်လုပ်မှုအခြေအနေများနှင့် ထွက်ရှိလာသော ဘိုင်အိုဒီဇယ်ဆီများအား ဓာတုဗေဒပစ္စည်းများ၊ ဒေသန္တရ ပစ္စည်းများနှင့် ရောစပ်၍ ဂါလန် ၅၀ ဆံ့ (Tank)များဖြင့် အဆင့်ဆင့် ဓာတ်ပြုသန့်စင်မှုတို့အား ရှင်းလင်းတင်ပြသည်။ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြံစည်းရိုးကြက်ဆူလောင်စာတောင့် ထုတ်လုပ်သုံးစွဲမှုကို စနစ်တကျစမ်းသပ်၍ ကျယ်ပြန့်စွာ အသုံးပြုနိုင်အောင် ဆောင်ရွက်ရန်၊ ဘိုင်အိုဒီဇယ် အဆင့်မြင့်ထုတ်လုပ်မှုနှင့် ဘေးထွက်ပစ္စည်းများ၏ အသုံးဝင်တန်ဖိုးများကို စနစ်တကျ စမ်းသပ်သုတေသနပြုရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် တောင်ကြီး–ဟိုပုံး–ဆီဆိုင်လမ်းအတိုင်း တောင်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လမ်းဘေးဝဲ/ယာရှိ ပဲမျိုးစုံနှင့် ရာသီသီးနှံစိုက်ခင်းများ၊ မိုးစပါးစိုက်ခင်း၊ ပျိုးခင်းများ၊ ကြံ၊ ပြောင်းနှင့် ခြံစည်းရိုးကြက်ဆူခင်းများ ရှင်သန်ဖြစ်ထွန်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး ဘန်းယဉ်တွင် ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အား ယင်းဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမြင့်ဌေး<br>ညွှန်ကြားရေးမှူး<br>(ကမ်းလွန်ရေနံရှာဖွေရေး)<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်<br>သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ဦးမြသိန်း<br>ညွှန်ကြားရေးမှူး<br>ပြစ်မှုတရားစီရင်ရေးဌာန<br>တရားရုံးချုပ်(ရန်ကုန်) | ညွှန်ကြားရေးမှူးချုပ်<br>တရားရုံးချုပ်(မန္တလေး) |

(သတင်းစဉ်)

## မြတ်ပန်းကုသိုလ် လဝါဆို

❍ သီရိမာယာ၊ ဝမ်းကြာရွှေတိုက်
အမြုတေထိုက်ပေ၊ သန္ဓေယူကာ
လောင်းလျာဗုဒ္ဓ၊ ဇာတိစသည်
လပြည့် ဝါဆို အခါတည်း ...။

❍ အမတ်ဆန္န၊ ကဏ္ဍကဖြင့်
ညဉ့်နက်သန်းခေါင်၊ ရည်ဆောင်နိဗ္ဗာန်
လမ်းရှာရန်တွက်၊ တောသို့ထွက်၏
လပြည့်ဝါဆို ကာလတည်း ...။

❍ မဟာသက္ကရာဇ်၊ ခုနှစ်တစ်ရာ့သုံး
နေလုံးဝင်ဆဲ၊ လထွက်ဆဲတွင်
သမင်ဒရယ်၊ စိုင်ချေငယ်တို့
သွယ်သွယ်စုဝေး၊ ဘေးမဲ့ပေးရာ
မိဂဒါဝုန်၊ ရဂုံကြိုင်လျှမ်း
စုံမြိုင်နန်းမှာ၊ သစ္စာလေးတန်
တရားမှန်ဓမ္မစက်၊ လက်တွင်တင်ထား
ပတ္တမြားသို့၊ ထင်ရှားပေါ်လွင်
သိမြင်စေကြ၊ ဟောညွှန်ပြသည်
လပြည့်ဝါဆို သမယတည်း ...။

❍ ဤလရတု၊ ဥတုဝသန်
ပြုဗ္ဗာသာဋ်နက္ခတ်၊ ပန်းမြတ်ပုန်းညက်
ဘဝဂ်ခြိမ့်ကျော်၊ ပဋ္ဌင်းတော်ပွဲ
ဆင်ယင်နွဲကြ၊ သီလဆောက်တည်
ရွှေပြည်သူတို့၊ နိဗ္ဗူရည်မှန်း
အာရုံလွှမ်း၍၊ မြတ်ပန်းကုသိုလ်
နှစ်လိုပျိုးကြ၊ ချမ်းမြေ့လှသည်
လမြတ်ဝါဆို ရောက်ပြီကို ...။ ။

**ဦးအောင်မွန်(မဟာဝိဇ္ဇာ)**

## ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၇

**၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲနှင့် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသုတေသန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင် သုံးဦးတို့အား ရွှေတံဆိပ်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။**



ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က ငါးဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၅ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၉ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၆၄ဦးတို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများကို ချီးမြှင့်ကြပြီး သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအတွက် ၂၀၀၇–၂၀၀၈ ခုနှစ် ပညာသင်ထောက်ပံ့ ကြေးကို ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မဝင့်ဝါမြင့်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးအား ရွှေတံဆိပ်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**

(သစ်တောရေးရာ)

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ပီရူးနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၈

**၂၀၀၇ခုနှစ် ဇူလိုင် ၂၈ရက်တွင်ကျရောက်သော ပီရူးသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ပီရူးသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟိုဆေး ဂါစီယာ ဘယ်လာယွန်ဒေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။** (သတင်းစဉ်)

## သံတမန် ကျွမ်းကျင်မှုသင်တန်းသားများ ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၂၇**

သံတမန်ကျွမ်းကျင်မှု သင်တန်းသား၊ သင်တန်းသူများ (BDS/EDS)၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ကြည့်မြင်တိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး(ဟံသာရိပ်မွန်အနီး)ရှိ မြတ်လေးရုံကျောင်းတိုက်တွင် ဩဂုတ် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အပတ်စဉ်အားလုံးမှ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ဝါဆိုသင်္ကန်းလှူဒါန်းလိုသူများသည် ကိုနိုင်ဝင်း ဖုန်း–၀၉၉၉–၂၃၅၈၇၊ မသီဂီ ဖုန်း–၀၉–၅၁၁၅၆၁၂၊ မစန္ဒာဇော် ဖုန်း–၀၉၈၀–၃၁၄၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၈–၇–၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၄၀** ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၇:၅၀** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၁၂:၂၅** ၅။ ကျန်းမာသုတ
- **၁၂:၃၀** ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "ရင်ခွင်နန်းတော်" (ဒွေး၊ ထွန်းအိန္ဒြာဗိုလ်၊ နန္ဒာလှိုင်၊ ညွန့်ဝင်း) (ဒါရိုက်တာ–မလိခစိုးထိုက်အောင်)**
- **၁:၅၀** ၇။ အမျိုးသားရေးတေးကဗျာ
- **၁:၅၅** ၈။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၉။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၄:၃၅** ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၇။ နိုင်ငံတကာသတင်း
- **၆:၃၀** ၈။ အမျိုးသားရေးတေးကဗျာ
- **၆:၄၀** ၉။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၀။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- **၇:၀၀** ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း–၁၆)**
- **၈:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာကြီးမား(သား)ပေါင်ချိန်" (အပိုင်း–၁၁)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

**ဇူလိုင် ၂၆ ရက်က တာမွေမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၇)တွင် သူငယ်တန်း စာသင်ခန်း၌ အသုံးပြုရန်အတွက် LG အမျိုးအစား လေအေးပေးစက် တစ်လုံးကို အလှူရှင် ဦးဝင်းချို–ဒေါ်ခင်စိုးနှင်း သား မောင်စိုးဝဏ္ဏထွန်း (သူငယ်တန်း၊ က–၁) မိသားစုက လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးလှထွန်း ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (ကြေးမုံ)





အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# တရုတ်နှင့်ဘင်္ဂလားဒေ့ရှ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည်

**ဒါကာ ဇူလိုင် ၂၆**

တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် နှစ်နိုင်ငံစီးပွားရေး ဆက်နွယ်မှုနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတို့ကို အတူတကွမြှင့်တင် ဆောင်ရွက်ကြမည် ဖြစ်ကြောင်း၊ အထူးသဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မျှတမှုမရှိသည့်ပြဿနာရပ်ကိုဖြေရှင်းရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတို့ကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဒါကာမြို့တွင် ဇူလိုင် ၂၂ ရက် ဆွေးနွေးပွဲ၌ နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်သွားရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဝန်ကြီးဝမ်ချာအိုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘဏ္ဍာရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန အကြံပေးပုဂ္ဂိုလ် အာဇီဇူလ်အစ္စလမ်မာန်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်–တရုတ်ကုန်သွယ်ရေး လျင်မြန်စွာ တိုးတက်မှုနှင့်အတူ နှစ်နိုင်ငံ စီးပွားရေးဆက်သွယ်မှုများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုမမျှတသည့် ပြဿနာတို့ကိုလည်း ဖြေရှင်းသွားမည်ဖြစ်ကြောင်း အစ္စလမ်မာန်က ပြောကြားသည်။

**မျှော်မှန်းထား**

အာရှ–ပစိဖိတ်ကုန်သွယ်ရေးသဘောတူညီချက် (အေအက်ဖ်တီအေ)၏ လုပ်ငန်းဘောင်အတွင်း ဘင်္ဂလားဒေ့ရှ်၏ ကုန်ပစ္စည်း ၈၄ မျိုးကို တရုတ်နိုင်ငံက အခွန် ကင်းလွတ်ခွင့် ပြုထားကြောင်း ၎င်းက ပြောကြားသည်။ အနာဂတ်ကာလတွင် အချိုရည်၊ သားရေနှင့် အထည်အလိပ်တို့ကိုလည်း အခွန်ကင်းလွတ်ခွင့်ပြုရန် ၎င်းက မျှော်မှန်းထားသည်။

**ကတိပေး**

လျှပ်စစ်ဓာတ်အား၊အခြေခံအဆောက်အအုံနှင့် ဓာတ်အားထုတ်လုပ်ရေးကဲ့သို့သောလုပ်ငန်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံရန် တရုတ် လုပ်ငန်းရှင်များကို အစ္စလမ်မာန်ကဖိတ်ခေါ်ထားပြီးသင့်တင့်ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖြင့် ကူညီထောက်ပံ့သွားမည်ဟု ဘင်္ဂလားဒေ့ရှ်အစိုးရက ကတိပေးထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဥရောပအနောက်တောင်ပိုင်းနှင့်အလယ်ပိုင်း၌ အပူလှိုင်းကျရောက်

**ဘူခါရက် ဇူလိုင် ၂၆**

ဥရောပအနောက်တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် အပူလှိုင်းကြောင့် ဇူလိုင် ၂၁ရက်က အပူချိန် ၄၂ ဒီဂရီဆဲလ်စီးယပ်စ်အထိ အမြင့်ဆုံးရောက်ရှိခဲ့ရာ ရိုမေးနီးယားနိုင်ငံတွင် ပြည်သူ ကိုးဦး သေဆုံး ခဲ့ကြောင်း၊ ဟန်ဂေရီနိုင်ငံမှ ဂရိနိုင်ငံအထိအပူလှိုင်း ရိုက်ခတ်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အင်္ဂလန်နိုင်ငံ အလယ်ပိုင်းတွင် သောင်တင်လျက်ရှိသည့်ပြည်သူရာပေါင်းများစွာကို လေတပ်မှ ကယ်ဆယ်ရေး ဆောင်ရွက်ရန် ဗြိတိန် အစိုးရက ကြေညာထားကြောင်း၊ အချိန်အခါရာသီမဟုတ် ရာသီဥတုပြောင်းလဲလာပြီး ရေလွှမ်းမိုးမှုကြောင့် ဥရောပမြောက်ပိုင်းအနှံ့အပြားတွင် ရှုပ်ထွေးမှုဖြစ်သွားကြောင်း သတင်း၌ဖော်ပြသည်။

တော်နေဒိုးမုန်တိုင်း ပိုလန်နိုင်ငံ၌ တိုက်ခတ်ခြင်းသည်ဥရောပ၌ကြုံတော့်ကြုံခဲဖြစ်ပျက်မှုဖြစ်သည်။ ဇူလိုင် ၂၀ရက်ညက ပိုလန်နိုင်ငံတောင်ပိုင်း ချက်စတိုချိုဝါမြို့အနီး၌ ယာတဲ၊ စပါးကျီ အမိုးများနှင့် ကားများ ပျက်စီးသွားပုံကို ရုပ်သံတွင်ထုတ်လွှင့်ပြသသွားသည်။

ရိုမေးနီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိလာပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း၊ယခုရက်သတ္တပတ်တွင် သေဆုံးမှုနှုန်းတိုးလာပြီး ကိုးဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး အီယူဂျင်နီကို လစ်စ်ကူကပြောကြားသည်။

ဘူလ်ဂေးရီးယားနယ်စပ်အနီး ရိုမေးနီးယားနိုင်ငံ တောင်ပိုင်း ဒေသရှိ ဒင်ညုမြစ်တွင် အပူချိန် တိုးလာနိုင်ကြောင်း၊ ယင်းနေရာတွင် တောမီးလောင်ကျွမ်းမှုကြောင့် မြေဟက်တာထောင်ပေါင်းများစွာ ပျက်စီးခဲ့ရသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မည်

**မော်စကို ဇူလိုင် ၂၆**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို)အဖွဲ့ဝင်နိုင်ငံများ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်ရေးဆိုင်ရာ ပြင်ဆင်မှုများ ပြီးစီးပြီဖြစ်ကြောင်း ရုရှား ဒုတိယကာကွယ်ရေးဝန်ကြီး ဗလာဒီမာအီဆာကော့ဗ်က အင်္ဂါနေ့တွင် ပြောကြားသည်။

**– စစ်ရေးလေ့ကျင့်မှု –**

အဆိုပါ စစ်ရေး လေ့ကျင့်မှုကို ယူရယ် တောင်တန်း ချယ်လယ်ဘင့်စ်ဒေသနှင့် တရုတ်နိုင်ငံမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကျင်ကျီယန်ယူရီဂါဒေသတို့တွင် ဩဂုတ်လ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အက်စ်စီအို အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် တရုတ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံ ခြောက်နိုင်ငံတို့ ပါဝင် စစ်ရေးလေ့ကျင့်မည်ဖြစ်သည်။

**– ပါဝင်မည် –**

ထို့ပြင် အဆိုပါ စစ်ရေးလေ့ကျင့်တွင် စုစုပေါင်းတပ်ဖွဲ့ဝင် ၆၅၀၀ နှင့် လေယာဉ် ၈၀ တို့လည်း ပါဝင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***







အမေရိကန်နိုင်ငံ ဆီယက်တဲလ်လေဆိပ်တွင် လုံခြုံရေးအတွက် ခရီးသည်များအား စစ်ဆေးနေသည်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# လူ၏ဦးခေါင်းမှ ၃၃ ပေါင်လေးသည့် အသားပို တရုတ်ဆရာဝန်များ အောင်မြင်စွာ ဖြတ်တောက်ကုသ

**ပေကျင်း ဇူလိုင် ၂၆**

တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်မှ အသက်(၃၁)နှစ်အရွယ်ရှိ ဟွန်ချန်စီဆိုသူ၏ ဦးခေါင်းမှတွဲကျနေသည့် ၃၃ ပေါင်လေးသော အသားပိုကြီးကို တရုတ်ဆရာဝန်များက ဇူလိုင် ၂၅ရက်တွင် အောင်မြင်စွာ ဖြတ်တောက်ပေးလိုက်နိုင်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။ ၎င်း၏ အသားပိုကြီးက ဦးခေါင်းမှ ပခုံးအထိ တွဲလောင်းကျနေသည့်အတွက် ဘယ်ဘက်မျက်လုံးကို ဖုံးအုပ်နေပြီး စကားပြော၍လည်း မရနိုင်ဘဲရှိသည်။

ယင်းလူနာ၏အသားပိုသည် မှတ်တမ်းများအရ အကြီးဆုံးဖြစ်ပြီး ခွဲစိတ်ကုသချိန် တစ်နာရီခွဲမျှ ကြာခဲ့သည်။

လူနာ၏အခြေအနေမှာ ယခုအခါ ကောင်းမွန်လျက်ရှိကြောင်း ခွဲစိတ်သူဆရာဝန်များအဖွဲ့က ပြောကြားသည်။ ခွဲစိတ် ဖြတ်တောက်ပေးလိုက်ရသော အသားပို၏ အရွယ်အစားမှာ အလျား ၂၂ ဒသမ ၄ လက်မရှိပြီး အရင်းပိုင်းလုံးပတ်မှာ ၃၈ လက်မ နီးပါးရှိသည်။ အသားပိုကြီး၏ အလေးချိန်ကြောင့် အရပ် လေးပေငါးလက်မသာရှိသော ဟွန်မှာ ခါးရိုးပုံမမှန်ဘဲ ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***



တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီးပြည်နယ် ဆေးရုံ၌ လူနာတစ်ဦး၏ ကြီးမားသော အသားပိုအကျိတ်ကို ခွဲစိတ်ရန် ပြင်ဆင် နေသည်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# အကြီးဆုံး ရေနံတူးသည့်ကုမ္ပဏီနှစ်ခု ပူးပေါင်းဆောင်ရွက်မည်

**ဝါရှင်တန် ဇူလိုင် ၂၆**

ကမ္ဘာတစ်ဝန်းတွင် အကြီးဆုံးရေနံတွင်း တူးသော ကုမ္ပဏီများဖြစ်သည့် ထရန်စ်အိုးရှင်းနှင့် ဂလိုဘယ်ဆန်တာဖီးတို့က ယင်းတို့၏ ဈေးကွက် ခိုင်မာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကြေညာကြောင်း နယူးယောက်တိုင်းမ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

**ဒေါ်လာ ၁၈ ဘီလီယံ ရရှိမည်**

အဆိုပါ ကုမ္ပဏီနှစ်ခုတို့သည် ကုမ္ပဏီအသစ်အဖြစ် အစုရှယ်ယာများရရှိမည်ဖြစ်သလို ပြန်လည်ရင်းနှီးမည့်အစီအစဉ်အရ အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံလည်း ရရှိမည်ဖြစ်သည်။

ပေါင်းစည်းထားသည့် အဆိုပါ ကုမ္ပဏီအသစ်ကို ထရန်စ်အိုးရှင်းဟုခေါ်တွင်မည်ဖြစ်ပြီး ရေနံတူးစင် ၁၄၆ ခုနှင့် အလုပ်သမားပေါင်း ၂၀၀၀၀ ရှိမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီသစ်သည် ရေအနက် ၉၁၄ မီတာတွင် ရေနံတူးနိုင်သည့်စက် ၄၈ လုံးကို ပိုင်ဆိုင်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းပျဉ်းမြို့နယ်နှင့် တပ်နယ် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက် ဝမ်တာခက်တံတား တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ လိုက်ပါလျက် ဇူလိုင် ၄ ရက် နံနက် ၇ နာရီခွဲက မိုင်းပျဉ်းတပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ တာဝန်ရှိသူများထံ ကြက်ဆူပင်များအား ပေးအပ်သည်။**

ထို့နောက် တိုင်းမှူးသည် သတ်မှတ်နေရာတွင် ကြက်ဆူပျိုးပင်များကို စတင် စိုက်ပျိုးပေးပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များမှ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် တိုင်းမှူးသည် နယ်မြေတပ်ရင်းခန်းမ၌ မိုင်းပျဉ်းတပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး မိသားစုဝင်များအား စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်သည်။

ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မိုင်းပျဉ်းမြို့ ပိန်းဆန်းရပ်ကွက်စိုက်ခင်း၌ ကျင်းပသည့် စုပေါင်းခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ထို့နောက် တိုင်းမှူးက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများထံ ကြက်ဆူပင်များကို ပေးအပ်ပြီး တိုင်းမှူးက ကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဝမ်တာခက်ကျေးရွာသို့ သွားရောက်၍ ဝမ်တာခက်တံတား တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းနိုင်တို့က အရှည်ပေ ၄၄၀ ရှိ ဝမ်တာခက်တံတား တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက ရာသီဥတုအခက်အခဲကြားမှ တံတားကွန်ကရစ်တိုင်များအား သတ်မှတ်ကာလရည်မှန်းချက်အတိုင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မှုအပေါ် ချီးကျူးဂုဏ်ပြုစကားပြောကြားပြီး တံတားဆောက်လုပ်ရေးစီမံကိန်း၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် အလုပ်သမားများအတွက် စားသောက်ကုန်ပစ္စည်းများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများကိုပေးအပ်သည်။ ထို့နောက် တိုင်းမှူးသည် ဝမ်တာခက်တံတားဆောက်လုပ်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြိုးစားဆောင်ရွက်**

အရှည်ပေ ၄၄၀ ရှိ ဝမ်တာခက်တံတားသည် မိုင်းပျဉ်း-မက်မန်းကားလမ်းပေါ်ရှိ နမ့်ခတ်ချောင်းကူး တံတားဖြစ်ပြီး ယခုအခါ ကမ်းကပ်ခုံနှင့် ကွန်ကရစ်ရေလယ်တိုင်များ ဆောက်လုပ်ပြီးစီး၍ တံတားကြီး တစ်ခုလုံးအား သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ဆောက်လုပ်ရေးဝန်ထမ်းများက ကြိုးစားဆောင်ရွက်နေကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဗိုလ်ချုပ် အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ မိုဟာမက် ခိုင်ရုဇ်ဇာမန်၏ နေရာတွင် ဗိုလ်ချုပ်အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီးဖြစ်သည်။

ဗိုလ်ချုပ် အဘူရိုရှ်ဒီရို ကိုနုဒ်ဒေါ်လာသည် ၁၉၅၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ကာကွယ်ရေးပညာ မဟာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ဘင်္ဂလားဒေ့ရှ် ကာကွယ်ရေးကောလိပ်နှင့် စစ်ဦးစီးတက္ကသိုလ်တို့မှ ဘွဲ့များ ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် တပ်မတော်ပြန်တမ်းဝင် အရာရှိ ဖြစ်လာခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဗိုလ်မှူးချုပ် အဆင့်သို့လည်းကောင်း၊ ၂၀၀၂ခုနှစ်တွင် ဗိုလ်ချုပ်အဆင့်သို့ လည်းကောင်း တာဝန်တိုးမြှင့်ပေးအပ်ခြင်း ခံခဲ့ရသည်။ ၎င်းသည် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တပ်မတော်ဆိုင်ရာ ဘွဲ့တံဆိပ် လေးခု ချီးမြှင့်ခြင်းခံခဲ့ရပြီး ပေကျင်းမြို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးအဖြစ် လေးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ဗိုလ်ချုပ်အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာသည် (၁၃-၅-၂၀၀၇)ရက်အထိ ဘင်္ဂလားဒေ့ရှ်ကြည်းတပ်မတော်တွင် စစ်ထောက်ချုပ်အဖြစ် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့သည်။ ဗိုလ်ချုပ်အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးတစ်ယောက်နှင့် သားတစ်ယောက်ရှိသည်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့် အမရပူရမြို့နယ်တွင် သက်ကြီးဘိုးဘွားတစ်ဦးအား အိမ်တိုင်ရာရောက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။** (မိခင်/ကလေး)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းလှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းစီမံချက်အရ ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် မန္တလေးတိုင်း အမရပူရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် ဒေါ်သဇင်နွယ်၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ သက်ကြီးဘိုးဘွားများနှင့် စေတနာ့ဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ကြိုဆိုနှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်က အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် မြန်မာ့သက်ကြီးရွယ်အို စောင့်ရှောက်ရေးအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် ဒေါ်သဇင်နွယ်တို့က မန္တလေးတိုင်းအတွင်း အိမ်တိုင်ရာရောက် စောင့်ရှောက်မည့် ဘိုးဘွားများအတွက် Nutrivita အားဆေးဘူးများ ထောက်ပံ့ပေးအပ်ရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေ ဆန်၊ အားဆေး၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် အစားအစာများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် သက်ကြီးဘိုးဘွားများကိုယ်စား အဘိုးဦးမောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်သဇင်နွယ်က အဘိုးအဘွားများကို စောင့်ရှောက်ပေးမည့် စေတနာ့ဝန်ထမ်းများအတွက် လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး အမရပူရမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်စန္ဒာဝင်းက အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်း စီမံချက်အား ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ မတက်ရောက်နိုင်သော သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် သွားရောက်ကြည့်ရှုအားပေးကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ မဟာသိပ္ပံ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၂၇**

ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ မဟာသိပ္ပံကျောင်းသား၊ ကျောင်းသူ ၁၂ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ သန်းဦးက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာက အသင်း၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများကို အသေးစိတ်ရှင်းလင်း ပြောကြားကြပြီး အမှုဆောင်ညွှန်ကြားရေးမှူးက ထောင်စုနှစ်ရည်မှန်းချက်များနှင့် အသင်း၏ လုပ်ငန်းစဉ်များ၊ ဆက်စပ်ပုံတို့ကိုရှင်းလင်းပြောကြားပြီး ဘွဲ့လွန်ကျောင်းသား၊ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ မဟာသိပ္ပံကျောင်းသား၊ ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံအတွင်းရှိ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး အသင်းမှ ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေးဆေးခန်း၊ မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်မှုမှ တားဆီးခြင်း စီမံချက်ဌာနနှင့် ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အောင်ဇမ္ဗူရုံ မိုးကုတ်ဝိပဿနာတရားပွဲ

**ရန်ကုန် ဇူလိုင် ၂၇**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံ တပည့် နိုင်ငံကျော် ဓမ္မကထိက သာသနဟိတဓရ ရွှေတံဆိပ်ဆုရ ဆရာကြီး ဦးစောအောင်သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းအထက်၊ အောင်ဇမ္ဗူရုံကြီးတွင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး တရားများကို ခန္ဓာဉာဏ်ရောက် သဘောက်ပေါက်အောင် ၁၃၆၉ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါ တော်နေ့) ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့)မှ စ၍ အောက်တိုဘာ ၂၁ ရက် အထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ည ၇ နာရီမှ ၉ နာရီအထိ ဝါတွင်း သုံးလပတ်လုံး ဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို အောင်ဇမ္ဗူရုံကြီးသို့ ကြွရောက်၍ တရားဒေသနာ နာကြားနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)



**✻ အမျိုးသားညီလာခံမှ**

အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အချို့၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို အစုအဖွဲ့ကိုယ်စားလှယ်များ၏ကိုယ်စား မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်နှင့် ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက သဘောထားတင်ပြချက် စာတမ်းနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ အတည်ပြုချက် ရယူပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်)ဦးထေးရယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူဝါဇုတ်ဒေါင်၊ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၅၀ ရာခိုင်နှုန်းဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလ




**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့ ၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းကို အစုအဖွဲ့ကိုယ်စားလှယ်များကိုယ်စား ကချင်ပြည်နယ်မှ ဦးလီရဲဂျာ၊ ရှမ်းပြည်နယ်မှ ဒေါ်နန်းမိုခမ်းနှင့် မန္တလေးတိုင်းမှ ဦးမျိုးတင့်တို့က အသီးသီးဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက သဘောထားတင်ပြချက် စာတမ်းနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ အတည်ပြုချက် ရယူပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။




**တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။




ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၅၁ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အချို့၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်



များအပေါ် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် ဧရာဝတီတိုင်းမှ ဦးကြည်တင့်တို့က ညီလာခံကိုယ်စားလှယ်များအား ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ရေးသားပြုစုပြီးသည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ သဘောထားတင်ပြချက်စာတမ်းကို သဘာပတိအဖွဲ့ဝင် စစ်ကိုင်းတိုင်းမှ ဦးကံညွှန့်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အမျိုးသားညီလာခံ တောင်သူလယ်သမားကိုယ်စားလှယ်များထံမှ သဘောထားရယူကာ အတည်ပြုကြောင်း ကြေညာပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းပြည့် တက်ရောက်လာကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက်အလှည့်ကျသဘာပတိ ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အချို့၏ အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက် စာတမ်းကို အစုအဖွဲ့ သဘာပတိအဖွဲ့ကိုယ်စား ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ဦးသန်းမြင့်က အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များအား ဖတ်ကြားတင်ပြသည်။



**အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့်အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းအပေါ် အလှည့်ကျသဘာပတိ ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းက အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ထံမှ သဘောထားရယူကာ အတည်ပြု ကြောင်း ကြေညာပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

## နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၁ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်တို့က ထပ်ဆင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှသောင်းမြင့်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်ကို အလှည့်ကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်း က အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များထံမှ သဘောထားရယူကာ အတည်ပြုကြောင်းကြေညာပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ဆူပူမှုဖြစ်ပွားအောင် လှုံ့ဆော်ဖန်တီးသူများသည် ဆင်ခြင်တုံတရားကင်းမဲ့သူများ၊ ပြည်ပအားကိုးအဆိုးမြင်ဝါဒီများဖြစ် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်ကြသော ပြည်သူများကို ၎င်းတို့နှင့်ပူးပေါင်းပါဝင်လာအောင် သွေးထိုးလှုံ့ဆော်နေ ဆင်ခြင်တုံတရားကင်းမဲ့စွာ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက ပြည်သူလူထု၏ ဒဏ်ခတ်ချေမှုန်းမှုကို ခံရမည်

● **အေးချမ်းတည်ငြိမ်မှုမှ**

အဆိုပါ ပြန်လည်စေလွှတ်ခဲ့သူများမှာ ဖျက်သိမ်းပြီး MDC အဖွဲ့ခေါင်းဆောင် မြောက်ဥက္ကလာပ (င)ရပ်ကွက်နေ ထင်ကျော်(ခေါ်)ကျော်ထင်၊ ဒဂုံတောင်မြို့နယ် NLD အတွင်းရေးမှူး အေးနိုင်၊ လှိုင်သာယာမြို့နယ် NLD အတွင်းရေးမှူး သန့်ဇင်မျိုး၊ အင်းစိန် NLD လူငယ်တာဝန်ခံ စောကျော်ကျော်မင်းနှင့် အင်းစိန်မြို့နယ် NLD လူငယ်အဖွဲ့ဝင် အေးလွင်တို့ဖြစ်ကြောင်း သိရသည်။

ဖြစ်ပွားခဲ့ပုံမှာ ဖျက်သိမ်းပြီး MDC အဖွဲ့ခေါင်းဆောင် ထင်ကျော်(ခေါ်) ကျော်ထင်သည် သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့တွင် ၂၀၀၇ခုနှစ် ဧပြီ ၂၂ရက် နံနက် ၉နာရီ မိနစ် ၂၀က ဖျက်သိမ်းပြီး MDCအဖွဲ့ဝင် သိန်းအောင်မြင့်ပါ ခြောက်ဦးနှင့်အတူ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး၊ မတရားအခွန်ကောက်ခံမှုပပျောက်ရေး စသည့်ပိုစတာများကိုင်ဆောင်ပြီး ဆူပူလှုပ်ရှားမှုဖြစ်ပွားစေရန် လှုံ့ဆော်ဖန်တီးခဲ့သဖြင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုကြသော သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းတားဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

အလားတူ ဒဂုံတောင်မြို့နယ် NLD အတွင်းရေးမှူး အေးနိုင်၊ အင်းစိန် လူငယ်တာဝန်ခံ စောကျော်ကျော်မင်းနှင့် အင်းစိန် NLD လူငယ်အဖွဲ့ဝင် အေးလွင်တို့သည် ၂၀၀၇ခုနှစ် မေ ၁၅ရက်က NLD စုစုနွေး ဦးဆောင်ပြုလုပ်မည့် ကျောက်တော်ကြီးဘုရား ဝတ်ပြုဆုတောင်းပွဲကို အကြောင်း ပြကာ ဆူပူမှုဖြစ်အောင် ဖန်တီးလှုံ့ဆော်ခဲ့သဖြင့် နံနက် ၁၀နာရီခွဲတွင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဘူတာရုံလမ်းရှိ ကားဂိတ်အနီး၌ ဆူပူမှု ကို မလိုလားသည့် နံ့သာကုန်းရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းတားဆီး ထိန်းသိမ်းကာ သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

ထို့အပြင် လှိုင်သာယာ NLD အတွင်းရေးမှူး သန့်ဇင်မျိုးသည် မေ ၁၅ရက်က လှိုင်သာယာ NLD အဖွဲ့ဝင် ၁၀ ဦးနှင့်အတူ ဒေါ်စုကြည်ပုံပါတီရှပ်များဝတ်ဆင်ကာ ရွှေတိဂုံဘုရားတွင် ဒေါ်စုကြည်လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းရန် အကြောင်းပြလျက် ဆူပူမှုဖြစ်ပွားအောင် လှုံ့ဆော်ဖန်တီးခဲ့သဖြင့် နံနက် ၈နာရီ မိနစ် ၂၀တွင် လှိုင်သာယာမြို့နယ် တံတားဖြူမှတ်တိုင်အနီး၌ အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုကြသော လှိုင်သာယာမြို့နယ် (၆)ရပ်ကွက်နေ ပြည်သူများက တားဆီးထိန်းသိမ်း၍ သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

**မိမိတို့တိုင်းရင်းသားပြည်သူအားလုံးတို့သည် ရှေးထုံးစဉ်လာ ဓလေ့အရပင် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံကို မြတ်နိုးချစ်ခင်ကြသူများ ဖြစ်ကြသည့်နည်းတူ မိမိဒေသ ရပ်ရွာအကျိုးနှင့် သက်ဆိုင်လာပါက ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရမှ ကျေနပ်အားရကြသူများဖြစ်သည်။ အလားတူ မိမိဒေသရပ်ရွာ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များတွင် မည်သူ၏ ဆော်ဩတိုက်တွန်းမှုကိုမျှ စောင့်ဆိုင်းခြင်းမရှိဘဲ မိမိကိုယ်ပိုင် အသိစိတ်ဖြင့် အလိုအလျောက် ပါဝင်ဆောင်ရွက်လေ့ရှိကြသည်။ ပင်ကိုစရိုက်အရ မိမိရပ်၊ မိမိရွာ၊ မိမိအိမ်ကို မထိပါးသရွေ့ အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသော စိတ်ဆန္ဒနှင့် ပြည့်ဝသူများလည်း ဖြစ်ကြသည်။**

**သို့သော် မိမိတို့ရပ်ရွာဒေသကို ထိပါးလာသည်၊ စော်ကားလာသည်ဟု ထင်လျှင်လည်းကောင်း၊ မိမိတို့ရပ်ရွာဒေသ၏ တည်ငြိမ်အေးချမ်းလုံခြုံမှုကို ထိပါးလာလျှင်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်၏ စေ့ဆော်တိုက်တွန်းမှုကိုမျှမစောင့်ဘဲ မိမိအသိနှင့် မိမိ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းတတ်ကြသူချည်းသာဖြစ်သည်။**

အထက်ပါမြန်မာပြည်သူများ၏ စိတ်နေစိတ်ထားနှင့် ဓလေ့ထုံးစံအရပင် မိမိတို့ ရပ်ကွက်အတွင်းသို့ လာရောက်၍ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်ကြမည့်သူများကို တားဆီး၍ ကြိုတင်ကာကွယ်သည့်အနေဖြင့် သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြခြင်းဖြစ်သည်။

ထင်ကျော်(ခေါ်)ကျော်ထင်သည် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်ပြီး ရန်းရင်းဆန်ခတ်မှု ကျူးလွန်သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇ဖြင့်လည်းကောင်း၊ ပိုစတာကိုင်ဆောင်၍ ပြည်သူများအား သွေးထိုးလှုံ့ဆော်ပြီး အစိုးရကိုမုန်းတီးအောင်၊ မလေးစားအောင်၊ အကြည်အညိုပျက်အောင် ပြုလုပ်သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄(က)ဖြင့်လည်းကောင်း၊ ဆန္ဒပြရာတွင် ကြွေးကြော်ချက်များ ဖြန့်ဝေသည့်အတွက် ၁၉၆၂ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ ၁၇/၂၀ဖြင့်လည်းကောင်း၊ လိုင်စင်လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ဥပဒေမဲ့ ဆန္ဒပြသည့်အတွက် ၁၉၄၅ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၃၀/၄၆ဖြင့်လည်းကောင်း အရေးယူနိုင်သည်။ ထို့ပြင် အေးနိုင်၊ စောကျော်ကျော်မင်း၊ အေးလွင်နှင့်သန့်ဇင်မျိုးတို့သည် ဘာသာရေးကိုခုတုံးလုပ်ပြီး မြို့နယ်အသီးသီးမှ NLD ပါတီဝင်များနှင့်အတူ ဆုတောင်းပွဲများပြုလုပ်ကာ နိုင်ငံရေးစိတ်ဝင်စားသူအချို့အား စည်းရုံးလုပ်ဆောင်ခဲ့သည့်အတွက် ၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၅(ည)ဖြင့်လည်းကောင်း၊ ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားစေရန် ပြုလုပ်ခဲ့သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇ဖြင့်လည်းကောင်း၊ လိုင်စင်လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ဥပဒေမဲ့ဆန္ဒပြသည့်အတွက် ၁၉၄၅ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၃၀/၄၆ဖြင့်လည်းကောင်း အရေးယူနိုင်သည်။ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မိဘသဖွယ် သဘောထားကြီးစွာဖြင့် ၎င်းတို့ ငါးဦးကို ယခုကဲ့သို့ပညာပေးပြုပြင်ပြီး ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ထိုသို့ နိုင်ငံတော်အစိုးရက ပြစ်မှုကြီးများဖြင့် အရေးယူခံရနိုင်သူများကို အရေးမယူဘဲ စိတ်ရင်းကောင်း၊ စေတနာမှန်ဖြင့် ပညာပေးပြုပြင်ပြီး ပြန်လွှတ်ခဲ့ခြင်းကို ကြားသိကြရသော ပြည်သူများက ဤသို့ ဆူပူမှုဖြစ်ပွားအောင် လှုံ့ဆော်ဖန်တီးခဲ့သူများသည် ဆင်ခြင်တုံတရားကင်းမဲ့သူများ၊ ပြည်ပအားကိုးအဆိုးမြင်ဝါဒီများဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အမျိုးမျိုးသော ထောက်ပံ့ပေးကမ်းမှုများကိုမျှော်ကိုးပြီးနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် အန္တရာယ်ပြုနေသူများဖြစ်ကြောင်း၊ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်ကြသော ပြည်သူများကို ၎င်းတို့နှင့်အတူ ပူးပေါင်းပါဝင်လာအောင် ဘယ်သူသေသေ ငတေမာလျှင်ပြီးရောသဘောဖြင့် သွေးထိုးလှုံ့ဆော်နေသူများဖြစ်ကြောင်း၊ ယခုကဲ့သို့နိုင်ငံတော်အစိုးရက သဘောထားကြီးစွာဖြင့် ပြန်လွှတ်ခဲ့ခြင်းအပေါ် နားလည်သိတတ်ပြီး ပြုပြင်နေထိုင်သွားကြရန်လိုကြောင်း၊ ဤသို့မဟုတ်ဘဲ ယခင်အတိုင်းဆင်ခြင်တုံတရား ကင်းမဲ့စွာဆက်လက် လုပ်ဆောင်နေကြမည် ဆိုပါက အေးချမ်းတည်ငြိမ်မှုကို လိုလားသော ပြည်သူလူထု၏ ပြင်းပြင်းထန်ထန် အရေးယူဒဏ်ခတ်ချေမှုန်းမှုကို ခံရမည်ဖြစ်ကြောင်းဖြင့် ဝေဖန်ပြောဆိုလျက်ရှိကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## မြစ်ကြီးနားမြို့ အကျဉ်းထောင်၌ လူမှုရေး၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

ကချင်ပြည်နယ်ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ဇူလိုင် ၁၆ရက်တွင် မြစ်ကြီးနားမြို့ အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူများအတွက် စုစုပေါင်းငွေကျပ် ခုနစ်သိန်းသုံးသောင်း ရှစ်ထောင် ရှစ်ရာ့ငါးဆယ် တန်ဖိုးရှိ ရွှေဝါဆပ်ပြာ၊ ပေါင်မုန့်၊ အာလူးများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငါးခြောက်၊ အချိုမှုန့်၊ ကွေကာအုပ်၊ သကြားလုံးများ ထောက်ပံ့ပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူတို့၏ သားသမီး ၆၇ဦးတို့အားလည်း သာဂူကျိုနှင့်ပေါင်မုန့်များကျွေးမွေးခြင်း၊ အကျီများပေးအပ်ခြင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ထောက်ပံ့ပစ္စည်းများပေးအပ်

**ကချင်ပြည်နယ်ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ မြစ်ကြီးနားမြို့ အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

(သတင်းစဉ်)

## NLD ပါတီကိုယုံကြည်မှုမရှိ၊ ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် အရာတော်မြို့နယ်မှ ပါတီဝင် ၃၅ စုပေါင်းနုတ်ထွက်

**ရန်ကုန် ဇူလိုင် ၂၇**

မန္တလေးတိုင်းအရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မကျီးစောက်ကျေးရွာနေ ဦးကျော်ထွန်း၊ ဦးအောင်သန်း၊ ဦးသိန်းရွှေတို့အပါအဝင် ၂၂ဦး၊ ကိုင်းကျေးရွာနေ ဦးသန်းလွင်၊ ဒေါ်ဆန်းအေး၊ ဦးရွှေဝိုင်းတို့အပါအဝင် ၁၃ဦးတို့သည် ဇူလိုင် ၁၆ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အရာတော်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLD ပါတီကိုယုံကြည်မှုမရှိတော့ခြင်း၊ ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့ခြင်းတို့ကြောင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီး ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇူလိုင်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာ ဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၇-၂၀၀၇ (စနေနေ့)**

**၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၄)ရက်(အဖိတ်နေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)(တရားဦး ရတနာ ဓမ္မစကြာနှင့် ဓမ္မဒူတ မိန့်ခွန်းတော်)(ဣန္ဒာဆွေ စီစဉ်ရေးဖွဲ့ပူဇော်သည်။) |
| ၈:၀၀ | ၅။ သံသာချိုအေးမင်္ဂလာတေး |
| ၈:၁၅ | ၆။ အတီးပြိုင်ပွဲ |
| ၈:၃၀ | ၇။ International News. |
| ၈:၄၅ | ၈။ Grammar Made Easy. |
| ၉:၀၀ | ၉။ အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁:၀၀ | ၁။ စစ်သည်တေး |
| ၁၁:၁၅ | ၂။ တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ၃။ ပြည်တွင်းသတင်း |
| ၁၁:၄၀ | ၄။ ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂:၁၀ | ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ် |
| ၁၂:၄၅ | ၆။ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင် |
| ၂:၀၀ | ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၂:၁၅ | ၈။ ဝါဆိုလဘွဲ့တေးများ |
| ၂:၃၀ | ၉။ နမ္မတီးတံတား(ကံလှ) |
| ၂:၄၅ | ၁၀။ International News. |
| ၃:၀၀ | ၁၁။ အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ စစ်ချီတေး၊စစ်သည်တေး |
| ၄:၁၅ | ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက ၁၊သန်လျင်)(အမျိုးသားဝတ်ရွတ်အဖွဲ့) |
| ၄:၅၀ | ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး)(မြန်မာစာ) |
| ၅:၀၅ | ၅။ ချစ်စရာ့အရွယ်ကစားကြမယ် |
| ၅:၃၀ | ၆။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင် |
| ၆:၀၀ | ၇။ ညနေခင်းသတင်း |
| ၆:၃၀ | ၈။ မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၉။ အလှရှာမယ်၊ လှကမ္ဘာဝယ် |
| ၆:၅၅ | ၁၀။ ဘင်း(မ်)စတက် (BIMSTEC) အကြောင်းသိကောင်းစရာ |
| ၇:၀၀ | ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၄၆)** |
| ၈:၀၀ | ၁၂။ ပြည်တွင်းသတင်း |
| | ၁၃။ နိုင်ငံတကာသတင်းများ |
| | ၁၄။ မိုးလေဝသအခြေအနေ |
| | ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနှောင်ကြိုး" (အပိုင်း-၉)** |
| | ၁၈။ နောက်တစ်နေ့အစီအစဉ် |
| | ၁၉။ အစီအစဉ်ပြီး၏။ |

# ယ်စပ်ဒေသ တကယ်တည်ငြိမ်အေးချမ်းစေချင်ပါသလား(၂)

စိုးမြကျော်

ဆိုတာ ဆူပူအကြမ်းဖက်
ဆိုတာ ကျွန်တော်တို့
ပြီ။ ကျန်တဲ့အပိုင်းတွေ

ပါတယ် မောင်ကျော်ရာ။
ားတဲ့လမ်းကြောင်းပေါ်မှာ
ု ကောင်းစားရေးဆိုတာ
ကြွေးကြော်နေပေမယ့်
ဗိုလ်တစ်မင်းကျင့်သုံးပြီး
ကို ငြိုးသူရန်ဘက်ပမာ
ဲ့တယ်လေ။ ကြာတော့
တော့မလဲ။ နောက်ဆုံး
ကို တွန်းလှန်အံ့ကြွ
၆၈ ရက်နေ့က KNU
ာ မြောင်းမြရိုင်မှာရှိတဲ့
ရွာမှာ တပ်မတော်စခန်း
ာအား၊ လုံ၊ဝါးချွန် စတာ
င်းမှုအပြည့်နဲ့ တိုက်ခိုက်
ပြေးခဲ့ကြရပါရောလား။
ခံလူထုရဲ့ ထောက်ခံမှု
က ခွေးပြေး ဝက်ပြေး
ဒေသခံပြည်သူ တွေဟာ
တွင်းမှာ တပ်မတော်နဲ့
၊ သိလွှာစတဲ့ စစ်ဆင်
ုတွေကိုယ်တိုင် ပါဝင်တဲ့
ဖြစ် နည်းဗျူဟာတွေ
ါဒေသကို စွန့်လွှတ်ပြီး
စပ်ကို ရောက်သွားခဲ့ရ

သွားမှ ပိုဆိုးသွားတယ်
ကျွန်တော်တို့လဲ သိသင့်

ါဦးလားကွယ်။ ကြီးကြီး

င်လူထု ကောင်းစားရေး
ာ့ နယ်စပ်တစ်လျှောက်
က်ပြီး ဗိုလ်ကျမင်းမှုဖို့

င်ပြည်နယ်
က အမြှုပ်
ကရင်ဝါဒနဲ့
ထုတွေကို
ကြတယ်။
တဲ့ပြည်သူ
တယ်။

**KNU ဟာ ကရင်လူထု ကောင်းစားရေး ကြွေးကြော်နေပေမယ့် လက်တွေ့မှာတော့ နယ်စပ်တစ်လျှောက်မှာ အခိုင်အမာ စခန်းကြီးတွေ ဆောက်ပြီး ဗိုလ်ကျမင်းမှုဖို့ကြိုးစားခဲ့တယ်။ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်ခဲ့ပေမယ့် သိတဲ့အတိုင်း ကျေးရွာတွေမှာ ဆက်ကြေးတောင်းတယ်၊ အခွန်ကောက်တယ်။ တစ်ဖက်က ကျောက်မျက်နဲ့ကျွန်းသစ်တွေခိုးထုတ်ပြီး ရောင်းစားတယ်။ နိုင်ငံခြား ငွေရရှိဖို့ ဒုက္ခသည်စခန်းတွေကို အယောင်ပြပြီး ငွေတောင်းတယ်။**

**ကြိုးစားခဲ့တယ်လေ။ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုးကောင်းစားရေးအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်ခဲ့ပေမယ့် သိတဲ့အတိုင်း ကျေးရွာတွေမှာ ဆက်ကြေးတောင်းတယ်၊ အခွန်ကောက်တယ်။ တစ်ဖက်က ကျောက်မျက်နဲ့ကျွန်းသစ်တွေခိုးထုတ်ပြီး ရောင်းစားတယ်။ နိုင်ငံခြားငွေရရှိဖို့ ဒုက္ခသည်စခန်းတွေကို အယောင်ပြပြီး ငွေတောင်းတယ်။** ဒါတွေပဲမဟုတ်လားဘကြီး။

**ဘကြီးစိုး** – ဒါပေါ့ မောင်ကျော်ရာ။ နိုင်ငံကြီးတွေရဲ့ ပေးစာကမ်းစာ ထောက်ပံ့စာယူပြီးတော့ ပြည်ပသြဇာခံဘဝ ကျရောက်ခဲ့တဲ့ KNU ဟာ ကရင်ပြည်နယ်ကို ချစ်သလား၊ ကရင်လူထုကို ချစ်သလား မေးနေစရာတောင် မလိုတော့ပါဘူး။ ဒါပေမယ့် KNU ခေါင်းဆောင်ပိုင်းကတော့ ထိုင်းနိုင်ငံမှာပဲ အခြေချပြီး စီးပွားရေးလုပ်တယ်။ မျောက်ပြဆန်တောင်းပြီး ရတဲ့ဒေါ်လာတွေနဲ့ ထိုင်းနိုင်ငံမှာ အိမ်တွေတိုက်တွေ ဝယ်တယ်။ ကားတွေဝယ်တယ်။ သူတို့သားသမီးတွေကိုလဲ နိုင်ငံခြားလွှတ်ပြီး ပညာကောင်းကောင်းသင်စေတယ်။ အောက်ခြေရဲဘော်တွေနဲ့ ဒေသခံတွေရဲ့ ဒုက္ခတွေကိုတော့ မသိချင်ယောင်ဆောင်နေခဲ့ကြတယ်။ ကရင်လူမျိုး ဒုက္ခသည်စခန်းတွေကို လက်ညှိုးထိုးပြပြီး တောင်းလို့ရမ်းလို့ရသမျှ ဒေါ်လာတွေနဲ့ ကျောင်းတစ်ကျောင်း ဆောက်ပေးခဲ့ဖူးသလား။ ဆေးရုံတစ်ရုံ ဖွင့်ပေးနိုင်ခဲ့ဖူးသလား။ ယုတ်စွအဆုံး လမ်းတစ်လမ်းကော ဖောက်ပေးနိုင်ခဲ့ဖူးသလား။ ဒါတွေဟာ KNU ကျဆုံးရခြင်းရဲ့ အခြေခံအကြောင်းတွေပါပဲကွာ။

**စိုးမြကျော်** – ဒါအမှန်ဆုံးပါပဲခင်ဗျာ။ နောက်ဆုံးတော့ ဘယ်သူမပြု မိမိမှုပါပဲ။

**ကြီးကြီးမြ** – ဒါတင်ဘယ်ကပါ့မလဲ မောင်ကျော်ရယ်။ တပ်မတော်အစိုးရက Gentleman Agreement နဲ့ ငြိမ်းချမ်းရေးတံခါး ဖွင့်ထားပေးခဲ့တာကိုလဲ KNU က အခွင့်ကောင်းကို ရအောင်မယူနိုင်ခဲ့ဘူးလေ။ ဟုတ်တယ်နော် ကိုစိုး။

**ဘကြီးစိုး** – အဲဒီအကြောင်း ဆက်ပြောရဦးမယ်။ **၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်တာဝန်ယူခဲ့ရတဲ့ တပ်မတော်အစိုးရဟာ နယ်ချဲ့ရဲ့ ဆိုးမွေဖြစ်တဲ့ နှစ်ပေါင်း ၄၀ ကြာ ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ဖို့အတွက် အစွမ်းကုန် ကြိုးစားခဲ့တယ်လေ။ အဲဒီအချိန်တုန်းက တပ်မတော်ဟာ စစ်ရေးအရ အသာစီးရနေပေမယ့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်လိုတဲ့ စေတနာအရင်းခံနဲ့ ၂၈-၄-၁၉၉၂ ရက်နေ့မှာ KNU ကို ထိုးစစ်ဆင်မှု ရပ်ဆိုင်းကြောင်း ကြေညာပြီး ကရင်ပြည်နယ် အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စစ်ဆင်ရေးများ တစ်ဖက်သတ် ရပ်ဆိုင်းပေးခဲ့တယ်။ ဒါ့ကြောင့် တပ်မတော်ရဲ့ စိတ်ရင်းစေတနာ အမှန်နဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုကို လက်ခံယုံကြည်ပြီး လူမျိုးစွဲ၊ ဝါဒစွဲ၊ ပြည်ပအစွဲကင်းတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၇ ဖွဲ့နဲ့ အခြားအဖွဲ့ငယ်တွေဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီးဖြစ်တယ်ဆိုတာ မောင်ကျော်တို့လဲ သိမှာပါ။**

**စိုးမြကျော်** – သိပါတယ် ဘကြီးခင်ဗျာ။ ပြည်ပစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်သေးတဲ့ သောင်းကျန်းသူဆိုလို့ KNU လက်ကျန်အဖွဲ့၊ KNPP ပြန်ဝင်အဖွဲ့နဲ့ SSA-S ရှက်ဆစ်အဖွဲ့တို့လောက်ပဲ ကျန်ပါတော့တယ်။

**ဘကြီးစိုး** – ဒီအဖွဲ့တွေကလဲ ပြည်တွင်းမှာ ရပ်တည်နိုင်စွမ်းမရှိတော့လို့ မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်မှာ ခိုကပ်နေရတဲ့ဘဝရောက်နေပါပြီ။ အထူးသဖြင့် တစ်ဖက်နိုင်ငံမှာ ဒုက္ခသည်စခန်းလို့ အမည်ခံ ထားတဲ့စခန်းတွေမှာ အခြေပြုနေထိုင်ပြီး တို့ပြည်ထဲကိုတော့ ပြောက်ကျားစနစ်နဲ့ တစ်ခါတစ်ခါ ဝင်ရောက်နှောင့်ယှက်နေကြတယ်လေ။ တစ်နိုင်ငံလုံးမှာ အဲဒီသောင်းကျန်းသူတွေနဲ့ ဆက်စပ်နေတဲ့ နယ်စပ်ဒေသ အနည်းအကျဉ်းလောက်ပဲ မတည်ငြိမ်၊ မဖွံ့ဖြိုး၊ မတိုးတက်ဘဲ ကျန်ရစ်ခဲ့တာဆိုတော့ အဲဒီဒေသခံလူထုက ဒီသောင်းကျန်းသူတွေကို စိတ်မနာဘဲ နေပါ့မလား မောင်ကျော်ရယ်။

**စိုးမြကျော်**– ဟုတ်တယ် ဘကြီး။ **ဒီနေ့အခြေအနေမှာ နယ်စပ်တစ်လျှောက် KNU အမာခံစခန်းကြီးတွေလဲ တပ်မတော်က သိမ်းပိုက်ပြီးဖြစ်လို့ တစ်ခုမှ မရှိတော့ဘူး။ ဒီတော့ တစ်ဖက်နိုင်ငံမှာပဲ So called Refugee Camp ဆိုတဲ့ စခန်းတွေမှာ ပြည်ပအရိပ်ခိုပြီး ကိုယ့်စခန်း ကိုယ်ပြစားရတဲ့ဘဝ ရောက်နေကြရတော့တာပေါ့။**

**ကြီးကြီးမြ** – သူတို့မိုက်လုံးကြီးတာတော့ ပြောမနေနဲ့ မောင်ကျော်ရေ။ ကောင်းစေချင်လို့ နတ်ပြည်တင်၊ မြင့်တယ်ထင်ပြီး ခုန်ချဆိုတာ သူတို့တွေပေါ့။

**ဘကြီးစိုး** – အဲဒီလိုလဲ သိမ်းကျုံးပြောလို့ မရဘူးလေ။ **KNU ဟာ ၁၉၉၅ ခုနှစ်ကစပြီး တပ်မတော်နဲ့ အလွတ်သဘော သုံးကြိမ် ဆွေးနွေးခဲ့တယ်။ တရားဝင် လေးကြိမ် ဆွေးနွေးခဲ့တယ်။ ဒါပေမယ့် သူတို့ဘက်က ကောက်နေတာကို အလျှော့မပေးနိုင်တော့ တွင်းဝင်မဖြောင့်ခဲ့ဘူး ဆိုရမှာပေါ့ကွယ်။ ဒါပေမယ့်လဲ KNU ကနေ ခွဲထွက်ပြီး တစ်ဖွဲ့ချင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတာ အခုဆိုရင် အစုအဖွဲ့ပေါင်း ခြောက်ဖွဲ့တောင်ရှိခဲ့ပြီလေ။**

ပထမဦးဆုံးအဖွဲ့ကတော့ ဦးသာထူးကျော် ခေါင်းဆောင်တဲ့ DKBA အဖွဲ့ဖြစ်ပြီး ၂၁-၁၂-၁၉၉၀ ရက်နေ့မှာ အဖွဲ့ဝင် အင်အား ၅၀၀၀ ကျော်နဲ့ KNU က ခွဲထွက်လာပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တာဖြစ်တယ်။ ဒုတိယအဖွဲ့က ဦးစောသမူဟဲ ခေါင်းဆောင်တဲ့ KNU တပ်မဟာ(၆)တပ်ရင်း (၁၆)ဖြစ်ပြီး ၂၄-၂-၁၉၉၇ ရက်နေ့မှာ တပ်ဖွဲ့ဝင် ငါးရာနီးပါးက လက်နက်မျိုးစုံ သုံးရာနီးပါးနဲ့ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြပြန်တယ်။

**စိုးမြကျော်** – ဒါဆို တတိယအဖွဲ့က ဦးစောဖယ်ရီမိုးအဖွဲ့ ထင်တယ်နော် ဘကြီး။

**ဘကြီးစိုး** – အေး...ဟုတ်တာပေါ့ကွယ်။ ၈-၁၁-၁၉၉၇ ရက်နေ့မှာ သံတောင်ဒေသ KNU တပ်မဟာ(၂)က ဦးစောဖယ်ရီမိုး ခေါင်းဆောင်တဲ့ တပ်ဖွဲ့ဝင် တစ်ရာကျော်ဟာ လက်နက်မျိုးစုံ အများအပြားနဲ့ လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာခဲ့ကြတယ်။ အဲဒီနောက်မှာတော့ ၁၇-၄-၁၉၉၈ ရက်နေ့မှာ တပ်ဖွဲ့ဝင် နှစ်ရာကျော်၊ လက်နက်မျိုးစုံ အများအပြားနဲ့ KNU ဗဟိုကော်မတီဝင် ဖဒိုအောင်ဆန်း ဦးဆောင်တဲ့အဖွဲ့၊ ၁၀-၁၁-၁၉၉၉ ရက်နေ့မှာတော့ တပ်ဖွဲ့ဝင် တစ်ရာနီးပါး၊ လက်နက်မျိုးစုံ အများအပြားနဲ့ KNU တပ်မဟာ(၂) အထူးဒေသ တာဝန်ခံ ဦးကိုကြီး ခေါင်းဆောင်တဲ့အဖွဲ့တွေဟာ ဆက်တိုက်ဆိုသလို လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာခဲ့ကြပြန်တယ်။

**ကြီးကြီးမြ** – ဒါဆို နောက်ဆုံးတစ်ဖွဲ့ကတော့ ဗိုလ်ချုပ်ဌေးမောင်တို့အဖွဲ့ပေါ့နော် ကိုစိုး။

**ဘကြီးစိုး** – မှန်တယ် မြရေ၊ နောက်ဆုံး ဝင်ရောက်လာတဲ့အဖွဲ့ကတော့ ၁၁-၂-၂၀၀၇ရက်နေ့မှာငြိမ်းချမ်းရေးရယူခဲ့တဲ့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီပဲဖြစ်တယ်။ အဲဒီအဖွဲ့ကိုတော့ တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်က ခေါင်းဆောင်ပြီး စုစုပေါင်းအင်အား သုံးရာကျော် ပါဝင်ခဲ့တယ်လေ။ ခုဆိုရင် ဒီကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဟာ သူတို့အခြေစိုက်တဲ့ ဒေသတွေနဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို တပ်မတော်အစိုးရနဲ့အတူ လက်တွဲလုပ်ဆောင်နေကြပြီ။ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကိုလဲ အသီးသီး အသက အသက ရရှိခံစားနိုင်နေကြပြီ။ အရင် KNU တွေ မင်းမူကြီးစိုးနေတုန်းကဘဝတွေနဲ့စာရင်တော့ အများကြီးဖွံ့ဖြိုးတိုးတက်ခဲ့ပြီပေါ့ကွာ။ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ ဆက်သွယ်ရေးစခန်းတွေ၊ လမ်းတံတားတွေနဲ့ စိုက်ပျိုးမွေးမြူရေး အခြေခံပြီး စီးပွားရေး၊ လူမှုရေးဘဝတွေ မြင့်ကုန်ကြပြီ မောင်ကျော်ရဲ့။ တကယ့်ကို သူတို့အတွက် ဝမ်းမြောက်စရာပဲပေါ့ကွာ။

**ကြီးကြီးမြ** – ဒါပေမယ့် လက်ကျန် KNU တွေက အခဲမကျေနိုင်ဘဲ ငြိမ်းချမ်းရေးအဖွဲ့တွေကို လာပြီးပစ်တာခတ်တာ တိုက်ခိုက်တာတွေ ရှိသေးတယ်လေ ကိုစိုးရဲ့။ မောင်ကျော်တို့သိအောင် လင်းစမ်းပါဦး။

**ဘကြီးစိုး** – အေးပါကွာ၊ ကိုယ်လဲ အဲဒါပြောမလို့ပါပဲ မောင်ကျော်ရေ...။ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့တဲ့ အဖွဲ့တွေကိုတောင် KNU လက်ကျန်တွေက အလွတ်ပေးတာမဟုတ်ဘူးကွ။ဦးစောသမူဟဲတို့ ဟောင်သရောဒေသဆိုရင် ငြိမ်းချမ်းရေးယူပြီးမှ KNU တွေ လာပစ်တာ အကြိမ်ပေါင်း ၂၂ကြိမ်တောင် ရှိခဲ့တယ်ဆိုပဲ။ KNU တပ်ရင်း (၈) ကြည်လင်း ခေါင်းဆောင်တဲ့အဖွဲ့တွေ လာပစ်ကြတော့ ဦးစောသမူဟဲရဲ့ သမီးနှစ်ယောက်၊ မြေးနှစ်ယောက်နဲ့ ယောက်ဖကျောင်းဆရာ အငြိမ်းစားတစ်ယောက် ဆုံးသွားခဲ့တယ်လေ။ သမီးအငယ်ဆုံးက ကျည်သင့်ပြီး လက်တစ်ဖက်ဖြတ်ခဲ့ရတယ်။ အငြိုးအတေးကြီးပြီး ကျင်းတူးမိုက်တဲ့ KNU လို့ပဲ သတ်မှတ်ရတော့မှာပေါ့ကွယ်။

**စိုးမြကျော်** – ကျန်တဲ့အဖွဲ့တွေကိုလဲ ပစ်တာခတ်တာတွေ ရှိမှာပေါ့နော် ဘကြီး။

**ဘကြီးစိုး** – ရှိတာပေါ့ကွယ်။ DKBA ဆိုရင်လဲ သူတို့ဘက်သား မဟုတ်လေတော့ DKBA ရဲ့ ယာဉ်တန်းကို ချောင်းပစ်ရတာနဲ့၊ ချုံခိုတိုက်ရတာနဲ့၊ ကိုယ့်တိုင်းရင်းသား အချင်းချင်းတောင် ရက်ရက်စက်စက် လုပ်ခဲ့ကြတာပဲ။ ဒါ့အပြင် ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ ကြိုးစားတဲ့အဖွဲ့တွေကိုလဲ ပြည်ပနိုင်ငံနဲ့ပေါင်းပြီး နည်းအမျိုးမျိုးနဲ့ ဥပဒေဘောင်အတွင်း မဝင်ဖြစ်အောင် လုပ်ခဲ့ကြတာတွေလဲ အများကြီးပေါ့။ သိရသလောက်ဆိုရင်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# STI Education က ကြီးမှူး၍
## စင်ကာပူစီးပွားရေးနှင့် စီမံခန့်ခွဲရေး လေ့လာရေး ခရီးသွားရောက်မည်

ရန်ကုန် ဇူလိုင် ၂၇

**မြန်မာနိုင်ငံမှ STI Education နှင့် စင်ကာပူ သမ္မတနိုင်ငံ GBS ကျောင်းတို့ စီစဉ်မှုဖြင့် ဩဂုတ်လ နောက်ဆုံးပတ်တွင် စင်ကာပူသမ္မတနိုင်ငံ၏ စီးပွားရေးနှင့် စီမံခန့်ခွဲရေးပညာပေး လေ့လာရေးခရီးကို ရက်သတ္တနှစ်ပတ်မှ လေးပတ်ကြာခန့် သွားရောက်လေ့လာကြမည်ဖြစ်သည်။**

လေ့လာရေးခရီးတွင် စီမံခန့်ခွဲမှု ဘာသာရပ်နှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်စီမံခန့်ခွဲမှု ဘာသာရပ်တို့ကို Guilford Business School ၏ စီးပွားရေးပညာရှင်များ ကိုယ်တိုင် ဟောပြောပို့ချကြမည်ဖြစ်သည်။ ခရီးစဉ်တွင် တနင်္လာနေ့မှ သောကြာနေ့အထိ ပို့ချချက်များ သင်ယူခြင်းနှင့် ကုမ္ပဏီများ လေ့လာရေးခရီးရှိမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့များတွင် ထင်ရှားကျော်ကြားသည့် နေရာဒေသများသို့ အလည်အပတ် သွားရောက်ခြင်းနှင့် အပျော်စီးသင်္ဘောခရီးစဉ်များ ရှိမည်ဖြစ်သည်။

စီးပွားရေးပညာရှင်များက တစ်နေ့လျှင် ခြောက်နာရီကြာ ပို့ချမည်ဖြစ်ပြီး ဝါရင့်စီးပွားရေးပညာရှင်များနှင့် အပြန်အလှန် ဆွေးနွေးနိုင်မည့် အခွင့်အလမ်း ရရှိမည်ဖြစ်သည်။ လေ့လာရေး ခရီးစဉ်တွင် စင်ကာပူသမ္မတနိုင်ငံအတွင်းရှိ စင်ကာပူအမျိုးသားတက္ကသိုလ်၊ စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်၊ နန်ယန်းနည်းပညာတက္ကသိုလ်၊ မြို့ပြလေကြောင်းအဖွဲ့၊ စင်ကာပူဗဟိုဘဏ်၊ စင်ကာပူဆက်သွယ်ရေးကုမ္ပဏီ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီ၊ မြို့ပြမြေယာစည်ပင်ရေးအဖွဲ့၊ အိုးအိမ်စည်ပင်ဘုတ်အဖွဲ့၊ မြို့ပြလေကြောင်းအဖွဲ့၊ အာရှပစိဖိတ် အဖျော်ယမကာကုမ္ပဏီ (တိုက်ဂါးဘီယာ)၊ စင်ကာပူဆိပ်ကမ်းဦးစီးအဖွဲ့၊ MI ဆက်သွယ်ရေးကုမ္ပဏီ၊ Star Hub ဆက်သွယ်ရေး၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးကုမ္ပဏီအပါအဝင် ထင်ရှားကျော်ကြားသည့် ၁၅ နေရာသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

ထိုလေ့လာရေးခရီးစဉ်ကို STI Education က တာဝန်ယူ စီစဉ်မည်ဖြစ်ပြီး ပါဝင်လိုက်ပါလိုသူများသည် STI Education တည်ရှိရာ လှိုင်တက္ကသိုလ်နယ်မြေ၊ မြန်မာအင်ဖိုတက် အဆောက်အအုံ အဆောင်(၇)၊ အခန်း(၃)နှင့် အဆောင်(၄)၊အခန်း (၇) ဖုန်း- ၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၂၊ ၅၀၇၁၅၁ နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ်နိုင်သည်။ ၎င်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီတွင် မြန်မာအင်ဖိုတက် အဆောက်အအုံတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်သည်။

ထို့အပြင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁နာရီတွင် Mr. David Stevens က သင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း ဒီဇိုင်းနှင့် ၎င်း၏ဖွဲ့စည်းတည်ဆောက်ပုံ အကြောင်းကို မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ပို့ချမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ
## မွေးမြူရေးနှင့် ရေလုပ်ငန်းအသင်း အနိုင်ရရှိ

**နေပြည်တော် ဇူလိုင် ၂၇**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲများကို ယနေ့ ညနေ ၄ နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း အားကစားကွင်း၌ကျင်းပရာ (ကက) အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဘောလုံးအသင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**မွေးမြူရေးနှင့်**
**ရေလုပ်ငန်းဝန်ကြီးဌာန နှစ်ဂိုး**
(မျိုးမင်းထွန်း၊ ဝဏ္ဏအောင်)
**နယ်စပ်/စည်ပင်**
**ဝန်ကြီးဌာန ဂိုးမရှိ**
**ဒိုင်လူကြီး ဦးထွန်းရှင်**
**(အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး)**

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက် အားပေးခဲ့ကြသည်။

ဇူလိုင် ၂၈ရက် ညနေ ၄နာရီတွင် ပေါင်းလောင်း အားကစားကွင်း၌(ခခ) အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် သမဝါယမဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)



# ရှေးဟောင်း ရန်အောင်မြင်စေတီတော် ပြန်လည် ပြုပြင်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် လကပုံကျေးရွာရှိ ဓမ္မဝိဟာရကျောင်းတိုက်ဝင်းအတွင်း ပျက်စီးယိုယွင်းနေသော ရှေးဟောင်းရှစ်မျက်နှာ ဆုတောင်းပြည့် ရန်အောင်မြင်စေတီတော်အား မြတောင်ညိုဆရာတော် ဘဒ္ဒန္တ ပညာဝံသ၊ ဓမ္မဝိဟာရ ကျောင်းတိုက်မှ ဘဒ္ဒန္တ ကုဏ္ဍာစရိယနှင့် ဘဒ္ဒန္တ စန္ဒိ ဝဏ္ဏ သိဒ္ဓိတို့အား အမှူးထား၍ အလှူရှင် ဦးဟုတ်ကြည်-ဒေါ်တင်ဦး မိသားစု (ထွန်းလှပွဲရုံ၊ ဘုရင့်နောင်) တို့က ဇွန် ၁၁ ရက်မှစ၍ ပြန်လည်ပြုပြင်လျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ ရှေးဟောင်းရှစ်မျက်နှာ ဆုတောင်းပြည့် ရန်အောင်မြင်စေတီတော်အား ပြန်လည်ပြုပြင်ရာတွင် ဓမ္မဝိဟာရကျောင်းတိုက်မှ ဘဒ္ဒန္တ ကုဏ္ဍာစရိယ အမှူးပြု၍ လကပုံ ကျေးရွာသူ၊ ကျေးရွာသားများက လုပ်အားကုသိုလ် ပါဝင်ကြသည်။ ယင်းစေတီတော် ပြန်လည်တည်ဆောက်ပြီးစီးပါက ဉာဏ်တော်အမြင့် ၅၅ တောင်ခန့် ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပုပ္ပား(၂) မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

**ရန်ကုန် ဇူလိုင် ၂၇**

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၅၃)ကြိမ်မြောက် တရားစခန်းပွဲကို (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၃ရက်)ဩဂုတ် ၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ အရောက် ယောဂီများ လာရမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ဆရာတော်ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာ ဆရာတော်ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ-မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ရာ ယောဂီများ လူကိုယ်တိုင် ဖြစ်စေ ဖုန်း-၆၉၀၀၅၉ သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

# ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပွဲစဉ်များ

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်ပြိုင်ပွဲများအဖြစ် ဇူလိုင် ၂၈ရက် နံနက်ပိုင်းပွဲတွင် အောင်မြေ မန္တလာအားကစားကွင်း၌ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်၊ ညနေပိုင်းပွဲတွင် လက်ရှိချန်ပီယံ မန္တလေးတိုင်းနှင့် ကချင်ပြည်နယ်၊ ရွှေမန်းတောင် အားကစားကွင်း၌ နံနက်ပိုင်းပွဲတွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း၊ ညနေပိုင်းပွဲတွင် ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲများကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၃၁ ရက် ညနေပိုင်းတွင် တတိယဗိုလ်လုပွဲနှင့် ဩဂုတ် ၁ ရက် ညနေပိုင်းတွင် ဗိုလ်လုပွဲကို ဗထူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

---

**စာမျက်နှာ ၉ ဆောင်းပါးမှအဆက်**

ဖဒိုအောင်ဆန်းကိုတောင် လက်နက်နဲ့ငြိမ်းချမ်းရေး မလဲလှယ်မီ အမေရိကန်ကိုခေါ်ပြီး KNU ရဲ့ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်အဖြစ်နဲ့နေဖို့ စည်းရုံးခဲ့ကြသေးဆိုကိုး။

**ကြီးကြီးမြ** – ဗိုလ်ချုပ်ဌေးမောင်တို့ ဝင်လာတုန်းကလည်း တားတားဆီးဆီးတာတွေရှိသေးတယ်ဆို။

**ဘကြီးစိုး** – အစစ်ပေါ့ဗျာ။ ဗိုလ်ချုပ်ဌေးမောင်တို့ ဝင်လာတုန်းကလဲ တားတာဆီးတာတွေ ရှိခဲ့တာပဲ။ KNU တပ်မဟာ (၇) အင်အားအများစုက တစ်ဖက်နိုင်ငံမှာရှိတဲ့ ဘဲကလော့စခန်းမှာ နေကြတာလေ။ ပြောရရင်တော့ အဲဒီဘဲကလော့စခန်းဆိုတာကိုက ဒုက္ခသည်အမည်ခံ စခန်းတစ်ခုပဲကွယ့်။ အဲဒီ စခန်းမှာရှိတဲ့ ဗိုလ်ချုပ်ဌေးမောင်ရဲ့ အဖွဲ့တွေကလည်း သူနဲ့အတူ ဝင်လာချင်ကြတယ်။ ဒါကြောင့် မူလဝင်မယ်လုပ်တုန်းက တပ်မဟာ (၇)တစ်ခုလုံးနဲ့ ဗဟိုလုံခြုံရေးတပ်တွေ အပါအဝင် ထုနဲ့ထည်နဲ့ဝင်လာဖို့ ဖြစ်ပေမယ့် KNU ဗဟိုက ဖဒိုမန်းရှာနဲ့အဖွဲ့က အကျပ်ကိုင် ပိတ်ဆို့ခဲ့တာကြောင့် မှန်းသလောက် ဝင်မလာနိုင်ခဲ့ရှာဘူး။ ဗိုလ်ချုပ်ဌေးမောင်ရဲ့ လက်အောက်မှာရှိတဲ့ တပည့်ကျော်နီကို ရာထူးတွေပေး၊ အခြားခေါင်းဆောင်တွေကိုအကျပ်ကိုင်၊ ပြည်ပအဖွဲ့အစည်းတွေကလဲ ဝင်မသွားဖို့ ပေးကမ်းမြူဆွယ်တာတွေ၊ တားဆီးပိတ်ဆို့တာတွေ လုပ်ခဲ့ကြတာကြောင့် အဖွဲ့အတော် များများဟာ KNU နယ်မြေထဲက ဖောက်မထွက်နိုင်ဘဲ ကျန်ခဲ့ကြရတယ်လေ။

**ကြီးကြီးမြ** – ဒီလောက်တောင်ပဲလားကိုစိုးရယ်။ တကယ်လို့ အခုလို ဖိအားပေးမှု၊ အနှောင့်အယှက်ပေးမှု၊ ဟန့်တားမှုတွေမရှိဘူးဆိုရင် နောက်ထပ်တပ်ဖွဲ့ဝင်တွေ အများကြီးလာပြီး ပူးပေါင်းကြဦးမယ့် အခြေအနေရှိသေးတာပေါ့နော်။

**ဘကြီးစိုး** – ဒါဘာဟုတ်သေးလဲ မြရယ်။ တကယ်တော့ ငြိမ်းချမ်းရေးတည်ဆောက်ပြီးတဲ့ ကရင်အဖွဲ့ ခြောက်ဖွဲ့စလုံးကိုတောင် KNU က သွေးထိုးနှောင့်ယှက် စည်းရုံးပြီး လက်နက်ပြန်ကိုင်ဖို့ ဆွယ်တရားဟောနေတာတွေ မှတ်တမ်းမှတ်ရာ အတိအကျ ရှိတယ်။ အဖျက်သမားကတော့ ပျက်အောင် ဘယ်လိုဖျက်ရမလဲဆိုတာပဲ စဉ်းစားနေတာမဟုတ်လား။

**စိုးမြကျော်** – အဖျက်လုပ်ရပ်ပဲ စဉ်းစားနေတယ်ဆိုပေမယ့် ဒီနေ့ KNU လက်ကျန်အင်အားက ဒီလောက်မဟုတ်တော့ဘူး ထင်ပါတယ် ဘကြီးရယ်။

**ဘကြီးစိုး** – ရှင်းရှင်းပြောရရင် ဒီနေ့ ပြည်ပအသံလွှင့်ဌာနတွေက ကြီးကြီးကျယ်ကျယ် အသံလွှင့်ကြော်ငြာပေးနေတဲ့ KNU ဆိုတာ လက်ကျန်အင်အား ၃၅၀၀ တောင် မပြည့်တော့ဘူး မောင်ကျော်ရဲ့။

**စိုးမြကျော်** – တပ်မတော်အစိုးရအနေနဲ့ကတော့ အဲဒီလက်ကျန် KNU အဖွဲ့ကိုလဲ အခြားဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ လက်နက်ကိုင်အဖွဲ့တွေလိုပဲ Gentleman Agreement နဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲဖွင့်ထားလျက်ရှိတယ်မဟုတ်လား ဘကြီးရဲ့။

**ဘကြီးစိုး** – **ငြိမ်းချမ်းရေးတံခါးကတော့ ဖွင့်မြဲ ဖွင့်ထားလျက်ပါဗျာ။ နိုင်ငံတော်နဲ့ KNU တို့ရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ ကနဦးအကြိမ်တွေမှာ အောင်မြင်လုနီးပါးအဆင့်ကို ရောက်ခဲ့ပေမယ့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းသွားရင် မြန်မာ့နိုင်ငံရေးကို ကစားဖို့ ခုတုံးလုပ်စရာ လက်ကိုင်တုတ်မရှိတော့မှာ စိုးရိမ်တဲ့ အနောက်ဆရာကြီးတွေက ဝင်ဝင်စွက်ဖက်နှောင့်ယှက်နေတာနဲ့ အောင်မြင်ပြီးမြောက်တဲ့အဆင့်ကို မရောက်နိုင်ခဲ့ဘူးဆိုရမှာပေါ့။**

**ကြီးကြီးမြ** – အင်အား ၃၅၀၀ ဆိုတာ တကယ်တမ်းကျတော့ လက်တစ်ဆုပ်စာပဲရှိတော့တာပေါ့နော်။ ဒီလက်တစ်ဆုပ်စာကရော ကရင်လူထုကို ကိုယ်စားပြုနိုင်ပါဦးမလား။

**ဘကြီးစိုး** – **အရင်အင်အားများတုန်းကလဲ ကရင်လူထုကို ကိုယ်စားမပြုဘူး။ အခုလဲကိုယ်စားမပြုပါဘူး မြရယ်။ လက်ရှိအခြေအနေကို ဆန်းစစ်ကြည့်ရင်လဲ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ကရင်တိုင်းရင်းသား ဦးရေက သုံးသန်းခွဲဆိုတော့ အချိုးချကြည့်မယ်ဆိုရင် KNU ဆိုတာ ၀ ဒသမ ၁ ရာခိုင်နှုန်းပဲ ရှိတယ်လေ။ ဒါကြောင့် လက်တစ်ဆုပ်စာ KNU ဟာ ကရင်တိုင်းရင်းသားထုကို ကိုယ်စားပြုခြင်းမရှိသလို ကရင်တိုင်းရင်းသားတွေကလဲ KNU ကို ဖုတ်လေတဲ့ငါးပိရှိတယ်လို့တောင်မမှတ်ကြတော့ပါဘူး။ KNU က သတ်သတ်၊ ကရင်တိုင်းရင်းသားက သတ်သတ်၊ရပ်တည်မှုတခြားစီပါကွာ။**

**စိုးမြကျော်** – KNU ရဲ့ လက်ရှိအခြေအနေကိုတော့ ကောင်းကောင်းသဘောပေါက်ပါပြီ ဘကြီး။ ဒါဆို ကျွန်တော်တို့ စကားဝိုင်းစခဲ့တဲ့ တပ်မတော်ရဲ့ ထိုးစစ်တွေကြောင့် ဒုက္ခသည်စခန်းတွေ ထပ်ဖွင့်နေရပါတယ်ဆိုတဲ့ကိစ္စ ပြန်ကောက်လို့ ရနိုင်လောက်ပြီ ထင်ပါရဲ့။

**ကြီးကြီးမြ** – ဟုတ်တယ် ကိုစိုး၊ အဓိကစခဲ့တဲ့ အကြောင်းက အဲဒီကိစ္စလေ။ ဒုက္ခသည်စခန်းဆိုတာလေး ဆက်လိုက်ကြရအောင်နော်။

**ဘကြီးစိုး** – အင်း..ဆက်တာကတော့ဟုတ်ပါပြီ။ စကားပြောလို့ကလဲ ကောင်းပါတယ်။ ဒါပေမယ့် အားရပါးရ ပြောနေဆိုနေ ဆွေးနွေးနေရလို့များ အစာကြေလွယ်နေသလားမသိဘူး။ ဗိုက်ထဲဟာလာပြန်ပြီ မြရေ။ မောင်ကျော်လဲ အားနာလို့ မပြောရင်သာရှိရမယ်၊ ဗိုက်ဆာလောက်ရောပေါ့။

**ကြီးကြီးမြ** – ဟုတ်ပါရဲ့ ကိုစိုးရယ်။ ကိုစိုးပြောမှပဲထမင်းစားချိန်ရောက်တာ သတိထားမိတော့တယ်။ ကဲ...မောင်ကျော်ရေ ထမင်းစားကြရအောင်ဟေ့။

**စိုးမြကျော်** – ဟုတ်ကဲ့ကြီးကြီး၊ ကျွန်တော်ကြီးကြီးကို ဝိုင်းကူပေးပါ့မယ်ခင်ဗျာ။

**ဘကြီးစိုး** – အေး...ဒါဆိုလဲ ထမင်းစားပြီးမှ ဆက်ကြတာပေါ့ကွာ။

## ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်း ဝါတွင်းတရားပွဲ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြို့ ဆူးလေစေတီတော် ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီးတွင် သြဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်သော အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကယောဆရာတော် အရှင် သိရိန္ဒာဘိဝံသသည် ဇူလိုင် ၂၉ရက်တွင်လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တ ကုမာရ မဟာထေရ်သည် ဩဂုတ် ၆ရက်တွင်လည်းကောင်း၊ စွန်းလွန်းဂူကျောင်းတိုက်၏ ပဓာနနာယကဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သုန္ဒရသည် ဩဂုတ် ၁၃ရက်တွင်လည်းကောင်း၊ အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကသည် ဩဂုတ် ၂၈ရက်တွင်လည်းကောင်း၊ ဒေါက်တာ အရှင်နန္ဒမာလာ အဂ္ဂမဟာ ပဏ္ဍိတသည် စက်တင်ဘာ ၅ ရက်တွင် လည်းကောင်း၊ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝါယာမိန္ဒာဘိဝံသ (ရေစကြို ဆရာတော်)သည် အောက်တိုဘာ ၁၉ ရက်တွင် လည်းကောင်း၊ ကျန်ဓမ္မကထိက ဆရာတော်များက ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း၌ လည်းကောင်း မွန်းလွဲ ၁ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

## ဓမ္မဒူတ ဇေတဝန်တောရ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၇**

မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်၌ ပဓာနနာယက ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ အမှူးရှိသော သံဃာတော်အပါး ၈၀ ကျော်တို့အား ၁၃၆၉ခုနှစ်၊ ဒုတိယဝါဆိုလပြည့် ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့အာမခံလုပ်ငန်း–ဒေါ်သောင်းရီ(အထပြ–ငြိမ်း)တို့၏သား

**မောင်သူရလွင်**

**B.Sc(Geology, Q), DAG (Petroleum Geology)**

**Assistant Geologist, Focus Energy Ltd.,**

**နှင့်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ငှက်ပျောတောလမ်းနေ ဦးထိန်ဝင်း–ဒေါ်သန်းသန်းလှိုင်(မိသားစုလျှပ်စစ်စတိုး)တို့၏သမီး

**မချိုကြည်မွန်(ခ)ချိုတာ**

B.Sc(Maths), B.A(Business Law), LCCI Level II

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၆–၇–၂၀၀၇ ရက်နေ့တွင် တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်းရွှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သူရလွင်–မချိုကြည်မွန်**

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

| စဉ် | ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီအမည် | နိုင်ငံ |
|---|---|---|---|
| ၁။ | Oxytetracycline Hydrochloride Injection 50ml (For veterinary use) | A.N.B Lab Co., Ltd. | Thailand |
| ၂။ | Paracetamol Tablet 500mg | Asian Union Laboratory Co., Ltd. | Thailand |
| ၃။ | Ascorbic acid Tablet (Vitamin C 50mg) | A.N.H Products Ltd Part | Thailand |
| ၄။ | Cyproheptadine Hydrochloride Tablet (Cyproheptadine HCL Anhydrous 4mg) | New Life Pharma Co., Ltd | Thailand |
| ၅။ | Tiffy Syrup (N-Acetyl-Paminophenol 120mg, Phenylephrine HCL 5mg Chlorpheniramine Maleate 1mg)/5ml | Thai Nakorn Patana C0., Ltd | Thailand |

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများကို ဝယ်ယူ သုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ သွားတိုက်ဆေးများတွင်လူအားဥပဒ်ဖြစ်စေနိုင်သည့် ဒိုင်အက်သလင်းဂလိုင်ကောလ် **(Diethylene Glycol)** ဓာတ်များပါဝင်နေကြောင်း တွေ့ရှိရပါသည်။

| စဉ် | သွားတိုက်ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီအမည် |
|---|---|---|
| ၁။ | Nobege Toothpasle 15g | Paliry Everyday Use Co.,Philippines Ltd. |
| ၂။ | White Men Toothpaste (Strawberry) | ဖော်ပြထားခြင်း မရှိပါ။ |
| ၃။ | Shanghai Toothpaste with Sodium Fluoride 60 g | Shanghai White Cat Shareholding Co.,Ltd. |
| ၄။ |  တံဆိပ်ပါရှိသော အစိမ်းရောင်ဘူး | ဖော်ပြထားခြင်းမရှိပါ။ |

၂။ အများပြည်သူများသည် ဒိုင်အက်သလင်းဂလိုင်ကောလ် **(Diethylene Glycol)** ဓာတ်ပါဝင်သော သွားတိုက်ဆေးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးညွန့်ခင်–ဒေါ်မြင့်မြင့်သန်း(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)တို့၏
တစ်ဦးတည်းသောသား

**ဗိုလ်ကြီးစည်သူ** (B.C.Sc, D.S.A)

နှင့်

နေပြည်တော်တပ်ကုန်းနေ
ဦးစိုးတင့်သိမ်း(လ/ထ ကထိက၊သမဒီဂရီကောလိပ်၊သန်လျင်)–
ဒေါ်အေးအေးမြင့်တို့၏ တစ်ဦးတည်းသောသမီး

**မချယ်ရီသိမ်း (1st Year, Geo:)**

တို့သည် ၂၁–၇–၂၀၀၇ နေ့တွင် နေပြည်တော် တပ်ကုန်း ဂရိတ်ဝေါ ခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် အောင်စံပယ် ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ဝါဝါတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူး စိုင်းဝင်းဟန်နှင့်ဇနီး ဒေါက်တာနန်းအိဝေအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာ ပန်းကြဲပေးပါသော မနွယ်နွယ်ခိုင်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မစန်းစန်းဝင်း၊ သတို့သားအရံ ဗိုလ်သော် ဇင်ဝင်းနှင့်သတို့သမီးအရံမခင်မျိုးဆွေ၊အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်တင့်တင့်ကြည်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အကူအညီပေးခဲ့သူများကို လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးစည်သူ–မချယ်ရီသိမ်း**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈–၇–၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | "လွတ်လမ်းကိုရှာ" တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ) |
| ၈း၀၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ"ချစ်စကားတစ်ခွန်းအမှန်ဆိုပါသည်" |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | စွန့်စားဖွေရှာ ရတနာကစားနည်း |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | နိဗ္ဗာန်ဆီသို့––ဒေါက်တာ ချစ်ငယ်(ဒဿန)Ph.D |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၅ | ဆက်ကပ်လှူဒါန်း ဝါဆိုမြတ်သင်္ကန်း |
| ၁၁း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ |
| ၁၁း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၄၅ | မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ |
| ၁၂း၁၀ | Activities In The City |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**၂၀၀၇ခုနှစ် အာရှဖလားဘောလုံးပွဲစဉ်များ**

| | အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|---|
| ည | ၇း၀၅ | ကိုရီးယား–ဂျပန်(တတိယနေရာလုပွဲ) | MRTV-4(Live) |

## မြန်မာနိုင်ငံဒေသအချို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့

**နေပြည်တော် ဇူလိုင် ၂၇**

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအချို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေရာဒေသအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကျေးရွာအချို့နှင့် မြို့ပေါ်ရပ်ကွက်အချို့အား ဘေးလွတ်ရာသို့နေရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ စာသင်ကျောင်းအချို့ ပိတ်ထားရပြီး ကားလမ်းနေရာအချို့တွင် အမြင့်လေးပေမှ ငါးပေအထိ ရေလျှမ်းမိုးနေသဖြင့် ယာဉ်သွားလာမှု ခေတ္တ ရပ်ဆိုင်းထားခဲ့ရကြောင်း၊ ဇူလိုင် ၂၅ရက်တွင် ရေပြန်လည်ကျဆင်းခဲ့သဖြင့် ကိုယ်ထည်မြင့်သည့်ယာဉ်များ ဖြတ်သန်းနိုင်ပြီး ခရီးသည်များအား ရေလွတ်ရာ တစ်ဖက်နှင့်တစ်ဖက် ရွှေ့ပြောင်းပေးကာ အသင့်စောင့်ဆိုင်းနေသည့်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေလျှံမှုကြောင့် သိန်းနီမြို့နယ်နှင့် မူဆယ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့ ရေနစ်မြုပ်ခဲ့သော်လည်း ဇူလိုင် ၂၆ ရက်တွင် ရေများပြန်လည် ကျဆင်းသွားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့ နှင့် မော်လိုက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက်၌တည်ရှိနေပြီး မြစ်သာ မြစ်ရေသည် ကလေးဝမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေကြောင်း၊ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ စိုးရိမ်ရေမှတ်နီးပါးတွင်လည်းကောင်း၊ ဧရာဝတီမြစ်ရေသည် ကသာမြို့နယ်၌ စိုးရိမ်ရေမှတ်အထက်၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့၌ စိုးရိမ်ရေမှတ်နီးပါးတွင်လည်းကောင်း တည်ရှိနေကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်း မော်လိုက်မြို့၊ ဖောင်းပြင်မြို့နှင့် ကသာမြို့နယ်တို့၌ မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တွင် ရေများဝင်ရောက်မှုကြောင့် ရေဘေးလွတ်ရာသို့ အိမ်ထောင်စုများအား ရွှေ့ပြောင်းနေရာချထားပေးရကြောင်း သိရသည်။

ပဲခူးမြစ်ရေသည် ဇူလိုင် ၂၆ ရက်တွင် ပြန်လည်ကျဆင်းခဲ့သဖြင့် ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများ နေအိမ်အသီးသီးသို့ ပြန်လည်နေထိုင်လျက်ရှိပြီး စာသင်ကျောင်းများသည် ယနေ့ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ကြောင်း ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ ကျေးရွာအချို့တွင် ရေကြီးမှုကြောင့် လယ်မြေအချို့ ရေနစ်မြုပ်ခဲ့ရကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦး မြို့နယ်၊ ကျောက်တော်မြို့နယ်နှင့် မင်းပြားမြို့နယ်တို့၌လည်း ရေလျှမ်းမိုးမှုရှိခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များတွင် ရေလျှမ်းမိုးမှုကြောင့် အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း၊ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြင်ဦးလွင်မြို့၏ မိုးရေချိန်စံချိန်သစ်

**နေပြည်တော် ဇူလိုင် ၂၇**

ဇူလိုင်၂၇ရက် နံနက်မြန်မာစံတော်ချိန် ၉နာရီခွဲအချိန်တွင် ပြင်ဦးလွင်မြို့၌ တိုင်းထွာရရှိခဲ့သောမိုးရေချိန် ၁၇၇ မီလီမီတာ(၆ဒသမ၉၇)လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း၁၅နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီမိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၄၃မီလီမီတာ(၅ဒသမ၆၃)လက်မဖြစ်ပြီး ၂၀၀၃ခုနှစ် ဇူလိုင်၂၄ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

## မြစ်ရေကြီးမှု အခြေအနေ သတင်း

**နေပြည်တော် ဇူလိုင် ၂၇**

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၁၅၁၄စင်တီမီတာ၊ မော်လိုက်မြို့တွင် ၁၃၃၄ စင်တီမီတာနှင့် ကလေးဝမြို့တို့တွင် ၁၅၇၁စင်တီမီတာသို့ အသီးသီး ရောက်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်ချိန်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့တို့၏စိုးရိမ်ရေမှတ်အသီးသီးဖြစ်သော ၁၃၆၀စင်တီမီတာ၊ ၁၂၃၀စင်တီမီတာနှင့် ၁၅၅၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။





ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

**အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အစည်းအဝေးမစတင်မီ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

### ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်နှင့် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၃၁ ရာခိုင်နှုန်း ရှိသဖြင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**

# ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပီရူးသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၈

**၂၀၀၇ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျရောက်သော ပီရူးသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပီရူးသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျော်ဂျီဒယ်လ်ကတ်စ်တီလို ဂါလ်ဗက်ဇ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။** (သတင်းစဉ်)

**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# ဧရာဝတီ၊ ချင်းတွင်းနှင့် ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၇**

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဗန်းမော်မြို့တွင် ၁၁၃၇ စင်တီမီတာ၊ မန္တလေးမြို့တွင် ၁၂၂၂ စင်တီမီတာနှင့် စစ်ကိုင်းမြို့တွင် ၁၁၀၅ စင်တီမီတာသို့ အသီးသီး ရောက်ရှိနေကြသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ဗန်းမော်မြို့၏ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာ အထက်သို့ ကျော်လွန်၍လည်းကောင်း၊ နောက် ၃၆နာရီအတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၏ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာနှင့် ၁၁၅၀ စင်တီမီတာသို့လည်းကောင်း အသီးသီးရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ မုံရွာမြို့တွင် ၉၇၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၃၆နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၂၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

# အေးချမ်းတည်ငြိမ်မှုကိုလိုလားသော ပြည်သူလူထုက ဝိုင်းဝန်းတားဆီးကာ သက်ဆိုင်ရာသို့အပ်နှံခဲ့သော ဆူပူမှုဖြစ်ပွားစေရန် ကြွေးကြော်ဆန္ဒပြခဲ့သူ ဖျက်သိမ်းပြီး MDC အဖွဲ့ဝင် (၁)ဦးနှင့် ဘာသာရေးကိုခုတုံးလုပ်ပြီး မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုဖြစ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြသည့် NLD အဖွဲ့ဝင် (၄)ဦးတို့အား သက်ဆိုင်ရာမှ ပညာပေးပြုပြင်ပြီး ပြန်လည်စေလွှတ်

နေပြည်တော် ဇူလိုင် ၂၇

အေးချမ်းတည်ငြိမ်မှုကိုလိုလားသော ပြည်သူလူထုက ဝိုင်းဝန်းတားဆီးကာ သက်ဆိုင်ရာသို့ အပ်နှံခဲ့သော ဆူပူမှုဖြစ်ပွားစေရန်ကြွေးကြော်ဆန္ဒပြခဲ့သူ ဖျက်သိမ်းပြီး MDC အဖွဲ့ဝင် (၁)ဦးနှင့် ဘာသာရေးကို ခုတုံးလုပ်ပြီး မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုဖြစ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြသည့် NLD အဖွဲ့ဝင် (၄)ဦးတို့အား သက်ဆိုင်ရာမှ ပညာပေးပြုပြင်ပြီး ဇူလိုင် ၂၇ ရက်တွင် ပြန်လည်စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ●**